# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)**


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၂၈၆)


# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၉ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၉ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား မစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့ဗိမာန်တော် အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား

*စာမျက်နှာ ၃ ကော်လံ ၁* ✽



**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။**

သတင်းစဉ်







No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com

No.31/D, Block 900, 78 Road, between 42nd and 43rd Road, Mahar Aung Myay Township, Mandalay. Tel : +95 (02) 4033449, www.apq-electric.com

# သဘာဝဘေးအန္တရာယ်ကို ဉာဏ်အမြော်အမြင် ဝီရိယရှိရှိဖြင့် ကြိုတင်ကာကွယ်

မိုးသည်းထန်မှု၊ မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသအသီးသီးတို့တွင် မြစ်ရေ၊ ချောင်းရေ မြင့်တက်မှုများနှင့် အတူ မြစ်ကမ်းပါးပြိုခြင်း၊ မြေပြိုခြင်းဖြစ်စဉ်များ၊ လမ်းတံတားများ ပျက်စီးရသည့် ဖြစ်စဉ်များ၊ လူနေရပ်ကွက်များအတွင်း ရေများ ဝင်ရောက်သည့်ဖြစ်စဉ်များ ယခုရက်ပိုင်းအတွင်း ဖြစ်ပွားလျက်ရှိသည်။ ၎င်းဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ဒေသအလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဒေသဆိုင်ရာ ဌာနအသီးသီး၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ စသည်တို့က ပြုပြင်ရှင်းလင်းမှု၊ ကူညီကယ်ဆယ်မှုများ ပြုလုပ်ပေးနေကြသည်။

ဆက်လက်၍လည်း မြစ်ရေ၊ ချောင်းရေမြင့်တက်မှုများ၊ လူနေမြို့ရွာများအတွင်း ရေဝင်ရောက်မှု၊ ရေကြီးရေလျှံမှုများမှာ မြစ်အောက်ပိုင်းဒေသများတွင် ပြီးခဲ့သည့် နှစ်များကအတိုင်းပင် ဖြစ်ပေါ်လာမည်ဟု ခန့်မှန်းနိုင်ပြီ ဖြစ်ရာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရတော့မည်ဖြစ်သည်။ ယင်းသို့ ကြိုတင်ပြင်ဆင်ကြရာတွင် နှစ်စဉ်ရေဝင်ရောက်မှု ကြုံတွေ့နေကျဒေသများ တွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိမိတို့၏အိုးအိမ်၊ ပစ္စည်း ဥစ္စာ၊ ကျွဲ၊ နွားများ စသည်တို့ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ မိမိတို့၏ မိသားစုဝင်များ ဘေးအန္တရာယ်တစ်စုံတစ်ရာ မကျရောက်စေရေး တို့အတွက် ဥစ္စာရင်လို၊ ဥစ္စာရင်ခဲ ဆိုသကဲ့သို့ ကြိုတင်ပြင်ဆင်မှုများကို သတိဝီရိယရှိရှိ၊ အမြော်အမြင်ရှိရှိ ပြုလုပ်ထားခြင်းဖြင့် ပျက်စီးထိခိုက်မှုမှ ရှောင်လွှဲနိုင်ကြမည်ဖြစ်သည်။

ရေဘေးအတွက် ကြိုတင်ပြင်ဆင်ကြရာတွင် မိမိအိမ်ဘေးပတ်ဝန်း ကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ မိသားစုအရေးပေါ်ပြောင်းရွှေ့ရန် နေရာကို ရှာဖွေသတ်မှတ်ခြင်းနှင့် ရှောင်တိမ်းရမည့်လမ်းကြောင်း၊ မိသားစုဆုံရပ်တို့ကိုသတ်မှတ်ခြင်း၊ ရေစိုပျက်စီးနိုင်သည့် ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိခြင်း၊ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို မှတ်သား ထားခြင်း၊ သောက်သုံးရေများ ကြိုတင်စုဆောင်းထားခြင်း၊ ချိုင့်ဝှမ်း၊ ရေမြောင်း၊ ရေတွင်း အစရှိသည့် ရေလွှမ်းမိုးချိန်တွင် အန္တရာယ်ရှိနိုင်သည့် နေရာများကို မြင်သာသော အမှတ်အသားများထားရှိခြင်းတို့ ပြုလုပ်ကြ ရန်နှင့် အရေးပေါ်သုံးပစ္စည်းများ၊ အသက်ကယ်ပစ္စည်းများကို ကြိုတင် ပြင်ဆင်ထားရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနက ပညာပေးဖြန့်ဝေမှုများ ပြုလုပ်ထားသည်။

ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် အစိုးရက ထုတ်ပြန်သည့် မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာရန်၊ အိမ်သုံးလျှပ်စစ်မိန်းခလုတ်များကို ပိတ်ထားရန်၊ ရေသန့် သို့မဟုတ် ကျိုချက်ထားသော ရေ သို့မဟုတ် ရေသန့်ဆေးခတ်ထားသော ရေကိုသာ သောက်ရန်၊ အဆိပ်ရှိသတ္တဝါများ အိမ်နှင့် ခြံအတွင်း ရှိ၊ မရှိ စစ်ဆေးရန်တို့ကိုလည်း အကြံပြုထားသည်။ ရေကြီးချိန်တွင် ရှောင်ရှား ရမည့်အချက်များအနေဖြင့် တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင် မထားရန်၊ မြစ်ချောင်းကမ်းပါးများအနီးသို့ မသွားရန်၊ ရေထဲတွင် ရေကူး ခြင်း၊ လမ်းလျှောက်ခြင်းနှင့် ရေစိုနေသည့်လျှပ်စစ်ပစ္စည်းများကို အသုံးပြု ခြင်းတို့မှ ရှောင်ရှားရန်လည်း တိုက်တွန်းထားသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံခြင်းတို့မှာ မိမိတို့နိုင်ငံအနေဖြင့် သဘာဝအလျောက် နှစ်စဉ် အချိန်ရာသီရောက်သည်နှင့် တွေ့ကြုံခံစားနေကြရဦးမှာဖြစ်သည်။ လုံ့လဝီရိယရှိရှိ၊ ဉာဏ်အမြော်အမြင်ရှိရှိဖြင့် ကြိုတင်ပြင်ဆင်ရင်ဆိုင် ကြခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုတို့ နည်းနိုင်သမျှ နည်းမည်ဖြစ်သည်။ ရပ်ရွာလူမှုအဖွဲ့အစည်းများတွင် နေထိုင်သူတိုင်းက စုစည်းညီညွတ်မှု စွမ်းအားဖြင့် အပြန်အလှန်ကူညီကာကွယ်စောင့်ရှောက်ကြခြင်းဖြင့် လည်း သဘာဝဘေးအန္တရာယ်တို့ကို ရင်ဆိုင်ကျော်လွှားနိုင်ကြမည် ဖြစ်ပါကြောင်း။ ။

# (၇၂)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်ညွှန်ကြားထား

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့(သောကြာနေ့) (၇၂) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်

**မိတ္ထီလာ ဇူလိုင် ၁၂**

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ကျင်းပခဲ့သည့် (၇၂) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီက အဆိုပါ ဦးစီးဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်း လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ မောင်မဲတူ (စီမံကိန်း ) က ပြိုင်ပွဲများ ကျင်းပခဲ့မှုအနေအခြေနေများကို ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ (၇၂) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ပုံတူပန်းချီ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက် ပြိုင်ပွဲ ၊ စကားပုံဆက်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ တွင် ဆုရရှိကြသည့် အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ အား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်၊ ခရိုင်ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်အိအိသန်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းရီ၊ မြို့နယ်စာရေး ဆရာအသင်းဥက္ကဋ္ဌ မောင်မဲတူ (စီမံကိန်း)နှင့် စာရေးဆရာများ၊ ကမ်းလက်များ ပရဟိတမိသားစု အဖွဲ့မှ ဦးမြတ်မင်း၊ ရန်အောင်မြင်လူမှုရေးအသင်းမှ ဦးအောင်ဆန်းထွန်းနှင့် တာဝန်ရှိသူများက ပေးအပ် ချီးမြှင့်သည်။

မိတ္ထီလာခရိုင် ပြန်/ဆက်ဦးစီးဌာနတွင် ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် စာအုပ်စာပေ ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်နှင့်အတူ (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကို နေ့စဉ်ထည့်သွင်း ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ငွေကြေးစီမံ ခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်ကို ယင်းဌာန၏ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများ ကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက် သည်။

# ဆယ့်ကိုးဇူလိုင် မမေ့နိုင်

◆ ပြည်ချစ်ပန်းများ
ကြွေနွမ်းမြေခ ဇူလိုင်လ။
ညိုးချုံးကြေကွဲ၊ ထိုနေ့စွဲလည်း
သည်းဆိုင်စွဲလှုပ်၊ အပူရုပ်နှင့်
ဗိုလ်ချုပ်ကိုမှန်း လွမ်းကြပြီ။

◆ မြန်ပြည်တိုင်းဝယ်
ဆင်ရိုင်းမျက်ကန်း၊ တောတိုးစမ်းသို့
ရှူးနှမ်းရုပ်သွင်၊ နားထင်သွေးရောက်
ဒူးထောက်ကျွန်ခံ၊ နံ့အဉာဏ်နှင့်
လုပ်ကြံလက်ရဲ၊ လူနူဝဲတို့
စိတ်မွဲရိုပ်လှာ၊ ထင်ဆဲပါတည့်
အာဏာမက်ရီး၊ လူရိုင်းမျိုးကြောင့်
ကိုးပွင့်ကြယ်တို့ ကြွေအသွား
ထိုလဇူလိုင် မမေ့အား။

◆ သြော်- ဆယ့်ကိုးဇူလိုင်
မေ့နိုင်ရိုးလား၊ နှလုံးသားဝယ်
မှတ်သားဖွယ်ရာ၊ စုံလင်စွာနှင့်
အာဇာနည်များ၊ ချသွားလမ်းစဉ်
အသွင်လည်းလှ၊ မူလည်းကျခဲ့
လမ်းပြခဲ့ရှာ၊ ဘယ်ခါမဟောင်း
တိမ်းစောင်းမသွား၊ ကျင့်ဖွယ်များသည်
လေးစားလိုက်နာသွေမကွာ
တို့များတစ်တွေ ဆိုသစ္စာ။ ။

**ဂျိန်း(မနောမြေ)**

**အတွင်းဝန်ရုံးသို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ အတွင်းဝန်ရုံးသို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးအကြောင်းကြားခြင်း**

- လက်ကိုင်ဖုန်းအမျိုးမျိုး
- အလံအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- မီးခြစ်အမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ

**အတွင်းဝန်ရုံးသို့ လာရောက်သည့် မိဘပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြော်ငြာခြင်း**



# သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသည့် ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ် ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက် ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ် ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သူများ အနေဖြင့် အခြားလမ်းများမှ သွားလာ အသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပ မည့် နံနက် (၀၄:၀၀)အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ (အာဇာနည်လမ်းထိပ်)၊ ရွှေတိဂုံ ဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

❁ *ရှေ့ဖုံးမှ*

ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ ဆက်ကပ်လှူဒါန်းသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကံမ၊ အင်ဘက်တောဆရာတော် ဘဒ္ဒန္တ စိတြဉာဏ ထံလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုင်းသောက်၊ ညောင်ရွှေဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသထံ လည်းကောင်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မရောင်ခြည် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ ထံလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရည်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တ ကောဝိဒ ထံလည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက္ခမီဆရာတော် ဘဒ္ဒန္တ နန္ဒသာရ ထံလည်းကောင်း၊ *စာမျက်နှာ ၄ သို့*



ဒုတိယသမ္မတ ဦးမြင့်ဆွေ နှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကံမ၊ အင်ဘက်တောဆရာတော် ဘဒ္ဒန္တ စိတြဉာဏ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုင်းသောက်၊ ညောင်ရွှေဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မရောင်ခြည် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရည်တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တ ကောဝိဒ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက္ခမီဆရာတော် ဘဒ္ဒန္တ နန္ဒသာရ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် သီဟိုဠ်၊ ကျောက်မဲ ဆရာတော် ဘဒ္ဒန္တစန္ဒနသာရ ထံလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ ဇနီး ဒေါက်တာစိန်စိန်သိမ်းက နိုင်ငံတော် သြဝါဒါစရိယ ဈေးကုန်းဆရာတော် ဘဒ္ဒန္တကဝိသာရ ထံလည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်တို့က ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အနုမောဒနာတရားနာယူ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင် မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**

# (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေး တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆို

နေပြည်တော် ဇူလိုင် ၁၂

**(၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နှလုံးသားထဲကပုဂံ ဓာတ်ပုံအဖွဲ့ဝင်များ၊ ဒေသခံပုဂံချစ်သူများနှင့် ပုဂံဒေသကို ချစ်မြတ်နိုးသူများက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုကြသည်။**

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့ ဘာကူကွန်ဗင်းရှင်းစင်တာ၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပခဲ့သည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဇူလိုင် ၆ ရက်က သတ်မှတ်ကြေညာခဲ့သည်။

ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများကို ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်က ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရပြီး ယခုပုဂံဒေသသည် မြန်မာနိုင်ငံအတွက် ဒုတိယအကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။

ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးသို့ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး (ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်) ဦးကျော်ဇေယျက ဦးဆောင်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ နှလုံးသားထဲက ပုဂံဓာတ်ပုံအဖွဲ့ဝင်များနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရေးအတွက် စိတ်ပါဝင်စားသူများ ပူးပေါင်းပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ညီလာခံအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့အမွေအနှစ်ကော်မတီဝင် ၂၁ နိုင်ငံမှ ကော်မတီဝင်များနှင့် ညီလာခံတက်ရောက်လာသည့် ကိုယ်စားလှယ်များအား ပုဂံဒေသအကြောင်း၊ သမိုင်းတန်ဖိုးများအကြောင်းကို ရှင်းလင်းတင်ပြခြင်း၊ မြစေတီကျောက်စာပုံတူ၊ VCD အခွေများ ဝေငှခြင်းနှင့် မြန်မာ့ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံခြင်းတို့ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာနိုင်ငံအကြောင်း ကမ္ဘာသိအောင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုကြစဉ်။ သတင်းစဉ်

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်သည်။

**လှိုင်းအသင့်အတင့်ရှိမည်**

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုးဆက်လက်ပိုနေ**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၂၅/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေးပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့်အစည်းအဝေးတွင် ပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းမည့် အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင်များအားလုံးက အတည်ပြုလက်မှတ်ရေးထိုးခြင်း၊ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခြင်း အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေးတွင် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

ပထမအကြိမ် ဘင်္ဂလားပင်လယ်အော်ဒေသ ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အစီအစဉ် စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (First BIMSTEC Ministerial Meeting on Agriculture - 1st BAMM) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hilton Hotel, Grand Ball Room ၌ ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**တက်ရောက်**

အခမ်းအနားသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်အရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သင့်**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဘင်းမ်စတက်နိုင်ငံများ၏ စုစုပေါင်း ပြည်တွင်းထွက်ကုန်သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ထရီလီယံရှိပြီး လူဦးရေ ၁ ဒသမ ၅ ဘီလီယံခန့်ရှိပါကြောင်း၊ ကမ္ဘာ့တစ်ဝန်းလုံးရှိ လူဦးရေ၏ ၂၂ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုညီမျှခြင်းမရှိသော်လည်း တူညီသောစိန်ခေါ်မှုများရှိနေသည့်အတွက် စီးပွားရေးပေါင်းစည်းခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရေး၊ ဆင်းရဲမှုပပျောက်စေရေး၊ အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်စေရေး၊ စီးပွားရေးတိုးတက်မှုညီမျှစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ နီပေါနိုင်ငံတွင် ကျင်းပခဲ့သည့် (၄) ကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၏ ဆုံးဖြတ်ချက်များအရ စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် ကဏ္ဍများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုသည် ဘင်းမ်စတက်ဒေသတွင်ရှိ ပူးပေါင်းဆောင်ရွက်မှုဧရိယာ ၁၄ ခုအနက် တစ်ခုဖြစ်ပြီး ယခု ကျင်းပပြုလုပ်သည့် အစည်းအဝေး၏ ဆောင်ပုဒ်သည် "စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေးအတွက် ရာသီဥတုပြောင်းလဲမှုအား ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးမှတစ်ဆင့် စိုက်ပျိုးထုတ်လုပ်သူများ သာယာဝပြောစေရေး" ဖြစ်ပါကြောင်း၊ အဆိုပါဆောင်ပုဒ်သည် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရေးပန်းတိုင် အထူးသဖြင့် ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှုပပျောက်စေရေးပန်းတိုင်နှင့် တိုက်ရိုက်ဆက်စပ်မှုရှိပါကြောင်း၊ ပထမအကြိမ် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ အစည်းအဝေးကို ၂၀၀၇ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပနိုင်ခဲ့ပြီး ယခုပထမအကြိမ် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်သည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံး အထွေထွေအတွင်းရေးမှူးချုပ်၊ Ambassador M.Shahidul Islam က အမှာစကားပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို အဆိုပါဟိုတယ် သရဖီခန်းမ၌ ဆက်လက်ကျင်းပသည်။

**ပူးတွဲကြေညာချက် ထုတ်ပြန်**

အစည်းအဝေးတွင် စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဘင်းမ်စတက်နိုင်ငံများအကြား စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှုပြုခြင်း၊ ယမန်နေ့က နေပြည်တော်၌ ကျင်းပခဲ့သည့် ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးမှ ဆွေးနွေးချက်များနှင့် အကြံပြုချက်များကို အတည်ပြုလက်ခံခြင်း၊ အစည်းအဝေးတွင် ထုတ်ပြန်မည့် ပူးတွဲကြေညာချက်မူကြမ်းအပေါ် ညှိနှိုင်းဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် ဒုတိယအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေး ကျင်းပမည့်နေ့ရက်၊ နေရာနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခြင်းတို့ ဆောင်ရွက်ကြပြီး ပူးတွဲကြေညာချက် ထုတ်ပြန်ကြသည်။

အစည်းအဝေးအပြီးတွင် ဘင်းမ်စတက်စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိများသည် Gem Museum၊ Rice Processing Complex ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ မျိုးစေ့ဘဏ်နှင့် ရိတ်သိမ်းချိန်လွန် သုတေသနဌာနတို့ကို သွားရောက်လေ့လာကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင် (ပဲခူးတိုင်းဒေသကြီး တာဝန်ခံ)၊ တိုင်း၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီ (၁၂)ပါတီမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ လူထုအသိပညာပေး ဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်း (၈) ဖွဲ့မှ ကိုယ်စားလှယ်များ၊ မသန်စွမ်းသူများအရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ အမျိုးသမီးကဏ္ဍ ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ တက်ရောက်သည်။

**စံ(၅)ချက်နှင့်အညီ ကျင်းပမည်**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးထွန်းခင်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကို လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်ခြင်း၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲ ရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံ(၅)ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို အချိန်ဇယားချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း။

**ပညာပေးလုပ်ငန်းများ ဆောင်ရွက်**

၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှစ်အဖြစ် သတ်မှတ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားအားလုံး မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးနှင့် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် လူဦးရေစာရင်း အချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံ မဲဆန္ဒရှင်စာရင်းပြုစုခြင်း ဆိုင်ရာ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အချက်အလက်များ မှန်ကန်စေရေးအတွက် မဲဆန္ဒရှင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါကြောင်း၊ ဆန္ဒမဲပေးခြင်းဖြင့် ဒီမိုကရေစီအခွင့်အရေးရယူကြပြီး ဒီမိုကရေစီစနစ် ရှင်သန်အောင် ပြည်သူများအနေဖြင့် ဖော်ဆောင်ပေးစေလိုကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်က မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ရည်မှန်းချက်ပန်းတိုင်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်ကျော်မိုးက လူဦးရေစာရင်း အချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အား ရှင်းလင်းဆွေးနွေးသည်။

**ဆွေးနွေးဖြေကြား**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များနှင့် မေးမြန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်က ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအတွက် ဂုဏ်ယူဝမ်းသာမှုစကားသံများ

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပခဲ့သည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံအစည်းအဝေးက ဇူလိုင် ၆ ရက်တွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့သည်။

ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများကို ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်က ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရသည့် အပြင် ယခု ပုဂံဒေသ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရခြင်းသည် မြန်မာနိုင်ငံအတွက် ဒုတိယအကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ် ဖြစ်လာသည်နှင့်အမျှ မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ထာဝစဉ်တည်တံ့ခိုင်မြဲစေရေးအတွက် တစ်မျိုးသားလုံးက ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းကြရမည်ဖြစ်ရာ အဆိုပါ ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့၏ ဝမ်းသာပီတိစကားများနှင့်အတူ ပုဂံဒေသကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည့် အခြေအနေတို့အား ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဒုတိယဝန်ကြီး ဦးကြည်မင်း**
**(သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**

ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားတဲ့အတွက်ကြောင့် ပုဂံဒေသကြီးဟာ ကမ္ဘာမှာ ဂုဏ်ယူရမယ့်အနေအထားတစ်ခုဖြစ်သွားတယ်။ ကမ္ဘာကလည်း စိတ်ဝင်စားမှုတွေ ပိုရှိလာတယ်။ ပြီးခဲ့တဲ့နှစ်ကို ပြန်ကြည့်လိုက်ရင် ကမ္ဘာ့အမွေအနှစ်ကို တင်ထားတဲ့အချိန်မှာပဲ ပုဂံဒေသကို ဝင်ရောက်လာတဲ့ နိုင်ငံခြားသားဧည့်သည်တွေဟာ ယခင်နှစ်တွေထက် နှစ်ဆနီးပါးလောက် တိုးတက်ပြီးဝင်လာတာကို တွေ့ရပါတယ်။ ဒါကြောင့် ပုဂံဒေသဟာ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ ပုဂံဒေသကြီး ဖွံ့ဖြိုးတိုးတက်ဖို့ ဒေသခံပြည်သူတွေကလည်း ဝိုင်းဝန်းပြီး ကြိုးပမ်းဆောင်ရွက်ကြလိမ့်မယ်ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ လက်ရှိမှာလည်း ဒေသခံပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုအနေအထားဟာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာရှိပါတယ်။ ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားတာကြောင့် ရှေ့ဆက်ဆောင်ရွက်ရမယ့် အခြေအနေ



ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်း
(သရေခေတ္တရာ ကမ္ဘာ့အမွေအနှစ် လုပ်ငန်းခွင်မန်နေဂျာ)

တွေက တော်တော်များပါတယ်။ အဲဒီအတွက်လည်း ရေရှည်စီမံကိန်းတွေရှိပါတယ်။ ဘက်စုံလွှမ်းခြုံတဲ့ စီမံကိန်းတွေကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လက်ရှိ ပုဂံဒေသမှာရှိနေတဲ့ ပြည်သူတွေရဲ့လူနေအဆောက်အဦတွေ၊ စီးပွားရေးလုပ်ငန်းတွေဟာ ဒီဒေသကို ယဉ်ကျေးမှုအမွေအနှစ်စာရင်းမသွင်းခင်ကတည်းက ရှိနေပြီးသား ဖြစ်တဲ့အတွက်ကြောင့် ဒါတွေ ကျွန်တော်တို့က ညှိနှိုင်းဆောင်ရွက်ရတဲ့ အနေအထားလည်း ရှိပါတယ်။ ဆက်လက်တိုးတက်လာမယ့် လူဦးရေနဲ့အတူတူ တိုးပွားလာမယ့် အဆောက်အဦတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ စီးပွားရေးဇုန်တွေကိုလည်းနေရာ ပေးဖို့ New Town Plan ကို ရေးဆွဲဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဆိုတဲ့ ဥပဒေရှိပါတယ်။ အဲဒီဥပဒေမှာလည်း လုပ်ရမယ့်လုပ်ငန်း



ဒုတိယဝန်ကြီး ဦးကြည်မင်း
(သာသနာရေးနှင့်
ယဉ်ကျေးမှုဝန်ကြီးဌာန)

စဉ်တွေကို အပိုင်းလိုက် ဖော်ပြထားတာရှိပါတယ်။ ဒါကြောင့် ပုဂံဒေသကြီးအတွက် ရေရှည်အနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ လုပ်ရမယ်။ အဲဒီလိုလုပ်တဲ့အခါမှာ ဒေသခံတွေပါဝင်ပြီး သန့်ရှင်းရေးလုပ်ငန်းတွေ၊ တိုးတက်လာမယ့် ဟိုတယ်လုပ်ငန်းတွေနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတွေကိုလည်း မလွှဲမသွေ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့တဲ့ အနေအထားမှာ ကျွန်တော်တို့က ခိုင်ခိုင်မာမာနဲ့ပြနိုင်မှာ ဖြစ်ပါတယ်။ ဒါဟာ ရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ ဖြစ်ပါတယ်။

**ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်**
**(ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)**

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်တင်သွင်းဖို့အတွက် ၂၀၁၄ ခုနှစ်လောက်ကတည်းက စတင်ဆောင်ရွက်ခဲ့တယ်။ သက်ဆိုင်ရာဌာနဆိုင်ရာတွေ ပူးပေါင်းပြီး လိုအပ်တဲ့ အချက်အလက်တွေ ပြုစုရတယ်။ မြေပုံတွေရေးဆွဲတယ်။ ဘုရားစေတီစာရင်းတွေ တိတိကျကျရအောင် လုပ်ရတယ်။ ဘုန်းတော်ကြီးကျောင်းတွေ၊ လူနေအိမ်စာရင်းတွေကို အတိအကျ ရေးဆွဲခဲ့ရပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အဆင့်ဆင့်လုပ်ခဲ့ရတယ်။ နိုင်ငံခြားသား ပညာရှင်တွေ၊ ပြည်တွင်းပညာရှင်တွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ဝန်ထမ်းတွေအကုန်လုံးညှိနှိုင်းပြီးတော့မှ အစည်းအဝေး



အေးဝတ်ရည်သောင်း
သရုပ်ဆောင်

ပေါင်းမြောက်မြားစွာလုပ်ခဲ့တယ်။ ဒီကြားထဲမှာပဲ ငလျင်ဖြစ်ပေါ်ခဲ့တယ်။ ငလျင်ကိုလည်း နိုင်ငံတကာက ထိန်းသိမ်းမှုတွေလုပ်တယ်။ ဒါတွေကလည်း ပူးပေါင်းပါဝင်မှုကောင်းတယ်။ ကမ္ဘာ့အမွေအနှစ် တင်သွင်းတဲ့နေရာမှာ အင်အားတစ်ခုဖြစ်လာတယ်။ အခုလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားတဲ့အတွက် မြန်မာနိုင်ငံကို ကမ္ဘာက ပိုမိုသိရှိလာမယ်။ ခရီးသွားလုပ်ငန်းတွေ ဒီလို ပူးပေါင်းဆောင်ရွက်မှုတွေကလည်း အားကောင်းလာပြီး ပြည်သူတွေရဲ့လူနေမှုဘဝတွေ ပိုမိုတိုးတက်လာမယ်လို့ မြင်ပါတယ်။ ပုဂံဒေသကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းအနေနဲ့ကတော့ ပြည်သူတွေအားလုံး ပူးပေါင်းပါဝင်ဖို့လိုပါတယ်။ ပုဂံဒေသအတွက် ပြည်သူတွေပါဝင်တဲ့ ဥပဒေသစ်ရေးဆွဲထားပြီးပြီ။ အဲဒီအပေါ်မှာ နည်းဥပဒေတွေထုတ်မယ်။ အဲဒီစည်းမျဉ်းစည်းကမ်းတွေကလည်း ပြည်သူတွေကိုချပြပြီး လုပ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေ



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်
(ရှေးဟောင်းသုတေသနနှင့်
အမျိုးသားပြတိုက်ဦးစီးဌာန)

ဖြစ်ပါတယ်။

**ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး**
**(ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)**

၁၉၉၄ ခုနှစ်ကတည်းက အစဉ်အဆက် လုပ်ဆောင်ခဲ့တဲ့ အကျိုးရလဒ်ပါ။ အခုပုဂံဆိုရင် အဓိက ကတော့ သူ့ရဲ့တန်ဖိုးရယ်၊ စီမံခန့်ခွဲမှုရယ် နှစ်ခုလုံးမှာ နိုင်ငံတော်အနေနဲ့ အားလုံး စွမ်းဆောင်နိုင်တဲ့ အနေအထားပါ။ ပုဂံရဲ့တန်ဖိုးက ရှိပြီးသားပါ။ တစ်ချိန်တည်းမှာပဲ ပြောင်းလဲလာတဲ့ လူမှု၊ စီးပွားဘဝရယ်၊ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ယဉ်ကျေးမှုအမွေအနှစ်အပေါ်မှာထားတဲ့ စိတ်ထားတွေနဲ့အတူ အဖွဲ့အစည်းတွေ၊ အစိုးရနဲ့ ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်တဲ့အတွက်ကြောင့် ပုဂံကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ရရှိခဲ့တာပါ။ အခုလို ပုဂံဒေသရရှိခြင်းဟာ ကျွန်တော်တို့နိုင်ငံသားအားလုံးအတွက် ကမ္ဘာ့မိသားစုထဲမှာ ပါဝင်နိုင်သလို မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ စွမ်းဆောင်ရည်ကိုလည်း နိုင်ငံတကာက အသိအမှတ်ပြုတယ်။ လက်ခံတယ်။ အဲဒီအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့အနေနဲ့လည်း ဆက်လက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ယဉ်ကျေးမှု၊ လူမှုစီးပွားဘဝနဲ့အခြားသော နိုင်ငံရေးအခြေအနေတွေအပေါ် ကျွန်တော်တို့ကို လက်ခံခြင်းဖြစ်ပါ



ဦးဝင်းမြင့်
(ရွှေအုန်းပင်ထမင်းဆိုင်ရှင်၊ ကျိုက်ထိုမြို့)

တယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နှစ်နေရာရရှိသွားပြီ။ အဲဒီထဲက တစ်နေရာ ဖြစ်တဲ့ ပျူမြို့ဟောင်းသုံးမြို့ကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်က ဗုဒ္ဓ ဘာသာအခြေပြုခဲ့ပြီး အဲဒီအပေါ်မှာ မူတည်ပြီးတော့ မြို့ပြယဉ်ကျေးမှုတစ်ရပ် ထွန်းကားခဲ့တယ်။ ပုဂံကတော့ မြန်မာ့ရေမြေပေါ်မှာရှိတဲ့ ပုဂံဆိုတဲ့ လူမှုအဖွဲ့အစည်းက ဖော်ဆောင်ပြီးတော့ အခုအထိတည်ရှိနေတယ်။ ရခိုင်ပြည်နယ်က မြောက်ဦးကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ ဆက်လက်ဆောင်ရွက်သွားမယ်။ စက်တင်ဘာမှာ မူကြမ်းတင်ပါမယ်။ ၂၀၂၀ ဇန်နဝါရီမှာ ပြီးပြည့်စုံအောင် တင်ပါမယ်။ မူကြမ်းအတွက်ကတော့ လိုအပ်တဲ့ အချက်အလက်တွေ၊ အထောက်အထားတွေအားလုံး ပြည့်စုံနေပါပြီ။

**ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်း**
**(သရေခေတ္တရာ ကမ္ဘာ့အမွေအနှစ် လုပ်ငန်းခွင်မန်နေဂျာ)**

မြန်မာနိုင်ငံအတွက် ပုဂံကတော့ ကမ္ဘာ့အမွေအနှစ်အဖြစ်



ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး
(ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)

ဒုတိယအကြိမ် ရရှိခဲ့တာပါ။ ပထမအကြိမ်ကိုတော့ ၂၀၁၄ ခုနှစ်က ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းတွေနဲ့ ရခဲ့တာပါ။ အခုဆိုရင် ငါးနှစ်သက်တမ်းရှိသွားပါပြီ။ ကမ္ဘာ့အမွေအနှစ်ယူကတည်းက ကမ္ဘာ့အမွေအနှစ်ရရင် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်မယ်ဆိုတဲ့ လုပ်ငန်းအစီအစဉ်တွေရှိတယ်။ အဲဒီလုပ်ငန်းအစီအစဉ်တွေထဲမှာ အစိုးရအဖွဲ့အစည်းတွေနဲ့အတူ အရပ်ဘက်အဖွဲ့အစည်းတွေလည်း ပါတယ်။ သတ်မှတ်ညွှန်ကြားချက်တွေအတိုင်း တစ်သဝေမတိမ်းထိန်းသိမ်းစောင့်ရှောက်ဖို့လိုပါတယ်။ အဲဒီ သတ်မှတ်ညွှန်ကြားချက်တွေကနေ သွေဖည်သွားလို့မရပါဘူး။ ဒါကြောင့် အားလုံးဝိုင်းဝန်းပြီး ထိန်းသိမ်းဖို့လိုပါတယ်။ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရတာဟာ ဒေသဖွံ့ဖြိုးမှုတွေကိုလည်း အများကြီးဖြစ်ပေါ်စေတယ်။ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုတွေလည်း တိုးတက်လာတာကို တွေ့ရမယ်။ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်လိုက်ခြင်းဟာ ကျွန်တော်တို့အနေနဲ့ နောင်မျိုးဆက်တွေကို လက်ဆင့်ကမ်းနိုင်ဖို့ အခွင့်အလမ်းတွေအများကြီး ရသွားတယ်လို့ မြင်ပါတယ်။

**အေးဝတ်ရည်သောင်း သရုပ်ဆောင်**

နှလုံးသားထဲကပုဂံအဖွဲ့နဲ့ လိုက်သွားဖြစ်တာပါ။ ဟိုရောက်တော့ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ် ကြေညာမယ်ဆိုတာကို အဲဒီနေ့ မတိုင်ခင်တစ်နေ့ကတည်းကကြားလို့ ညနေပိုင်းကတည်းက သွားစောင့်ကြတယ်။ ဒါပေမယ့် ညနေပိုင်းမှာပါမလာဘူး။ အဲဒီအစည်းအဝေးက မနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ လုပ်တာ။ နောက်တစ်နေ့ မနက်ကျတော့လည်း တစ်ဖွဲ့လုံးက စိတ်လှုပ်ရှားပြီး အားလုံးသွားစောင့်ကြတယ်။ နေ့လယ်လောက်မှာ ဂျပန်တို့၊ ဖိလစ်ပိုင်တို့ကို ကြေညာတယ်။ အဲဒါပြီးရင် မြန်မာနိုင်ငံအလှည့်ရောက်တော့မယ့် အချိန်မှာ ထမင်းစားနားချိန် ရောက်သွားတယ်။ ကြေညာခါနီးအချိန်အထိ စိတ်တွေ လှုပ်ရှားခဲ့ရတယ်။ ပုဂံလို့ ပြောလိုက်တဲ့အချိန်မှာတော့ တစ်ယောက်မှ ကန့်ကွက်မယ့်သူမရှိဘူး။ အတိုက်အခံပြောမယ့်သူလည်းမရှိဘူး။ အကုန်လုံးက ထောက်ခံကြတယ်။ တော်တော်စိတ်လှုပ်ရှားခဲ့ရတယ်။

**ဦးဝင်းမြင့်**
**(ရွှေအုန်းပင်ထမင်းဆိုင်ရှင်၊ ကျိုက်ထိုမြို့)**

ပထမဆုံး ကမ္ဘာ့အမွေအနှစ်အဖြစ် ပျူသုံးမြို့ကို ရခဲ့ပြီးပါပြီ။ အခု ဒုတိယအနေနဲ့ မြန်မာနိုင်ငံရဲ့ အထင်ကရနေရာဖြစ်တဲ့ ပုဂံဒေသရှေးဟောင်းအမွေအနှစ်ကြီးကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရတဲ့အတွက် အများကြီးဝမ်းသာပီတိ ဖြစ်ရပါတယ်။ အိမ်ရှင်နိုင်ငံအနေနဲ့ သဘာပတိကိုယ်တိုင်ကလည်း ပုဂံ ရောက်ဖူးပါတယ် ဆိုတာကြောင့် ကျွန်တော်တို့ ဝမ်းသာခဲ့ရပါတယ်။ အဇာဘိုင်ဂျန်နိုင်ငံက နိုင်ငံအကြီးအကဲတစ်ယောက် ပုဂံရောက်ဖူးတယ်ဆိုတဲ့စကားကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ပီတိဟာ ကျွန်တော် အဇာဘိုင်ဂျန်မှာကျခဲ့တဲ့ မျက်ရည်ပါပဲ။ ပုဂံဒေသဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် အများကြီး အထောက်အကူပြုပါတယ်။ အခုလို သတ်မှတ်လိုက်တဲ့အတွက် အရင်ထက်ပိုပြီး ကမ္ဘာလှည့်ခရီးသည်တွေလည်း အများကြီးလာပါတော့မယ်။ နိုင်ငံတော်အတွက် ကမ္ဘာ့အမွေအနှစ်ကို ချစ်မြတ်နိုးတဲ့ ပြည်သူတစ်ယောက်အနေနဲ့ ကိုယ့်စရိတ်နဲ့ကိုယ် အခုလို လိုက်ပါဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။

**တွေ့ဆုံမေးမြန်း - ဇော်ကြီး၊ ဓာတ်ပုံ - ဖေဇော်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ပန်ပက်ကျေးရွာအုပ်စု ရှမ်းကူးကျေးရွာ၌ ဒေသခံကယန်းတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❊ *ကျောဖုံးမှ*

ခရီးသွားများပိုမိုဝင်ရောက်လာနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိုးဗြဲရေလှောင်တမံ ရေထိန်းတံခါးအသုံးပြု၍ ကယားပြည်နယ် လွိုင်ကော်မှ ရှမ်းပြည်နယ် အင်းလေးဒေသသို့ ရေလမ်းခရီးဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ သွားရောက်နေပြီဖြစ်ရာ ယခု ရေလှောင်တမံသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် တစ်ဖက်မှ အကျိုးပြုနေသဖြင့် ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ပြီး ရေထိန်းတံခါးများကြံ့ခိုင်ရေးနှင့် အဖွင့်အပိတ်အား စနစ်တကျ ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုနှစ်တွင် မုတ်သုံအဝင်နောက်ကျပြီး မုတ်သုံအထွက်စောနိုင်မည် ဖြစ်သည့်အတွက် ရေဝင်ရောက်မှုနည်းနိုင်ကြောင်း၊ ထို့ကြောင့် ဝင်ရောက်သည့်ရေကို စနစ်တကျထိန်းသိမ်းသွားနိုင်ရန် ဆည်ရေကို စီမံခန့်ခွဲနေသည့် ဝန်ထမ်းများသာမက ရေအသုံးပြု ပြည်သူများကိုလည်း ရေကိုအလေအလွင့်မရှိ စနစ်တကျ ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရေး အသိပညာပေးခြင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်းနှင့် ဆည်တမံများ၏ သက်တမ်းများကို ထည့်သွင်းစဉ်းစား၍ ဆည်တမံများ ကြံ့ခိုင်ရေးကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မပြတ်စောင့်ကြည့်ရန် လိုကြောင်း မှာကြားသည်။

**တမံအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတသည် ရေပိုလွှဲအဆောက်အအုံပေါ်မှ စက်လှေဆိပ်ပြုလုပ်သည့် ရေထိန်းတံခါးနေရာနှင့် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုသည်။

မိုးဗြဲရေလှောင်တမံသည် ဘီလူးချောင်းမှ စီးဆင်းလာသည့် ရေကို ထိန်းသိမ်းသိုလှောင်၍ လောပိတရေအားလျှပ်စစ်စက်ရုံ (၃)ရုံ ပုံမှန်လည်ပတ်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ရေပေးဝေလျက်ရှိကာ ဒေသခံ ပြည်သူများကိုလည်း စိုက်ပျိုးရေ လုံလောက်စွာပေးဝေလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ယခုအခါ မိုးဗြဲရေလှောင်တမံရေထိန်းတံခါးများမှ စက်လှေများ ဖြတ်သန်း၍ သွားလာနိုင်သဖြင့် ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**ထီးစဲခါးရေတံခွန်**

ယင်းနောက် ဒုတိယသမ္မတသည် လွိုင်လင်လေးမြို့ ထီးစဲခါး ကျေးရွာရှိ ထီးစဲခါးရေတံခွန်သို့ရောက်ရှိပြီး ရေတံခွန်အား အခြေပြု၍ ခရီးသွားများ လာရောက်လည်ပတ် အပန်းဖြေနိုင်ရန် ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုသည်။

အဆိုပါ ထီးစဲခါးရေတံခွန်သို့ ပွင့်လင်းရာသီတွင် ခရီးသွားများ တစ်ရက်လျှင် ၁၀၀၀ ကျော် လာရောက်လည်ပတ် အပန်းဖြေကြကြောင်း သိရသည်။

**ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတသည် ဒီမောဆိုမြို့နယ် ပန်ပက်ကျေးရွာအုပ်စု ရှမ်းကူးကျေးရွာသို့ ရောက်ရှိရာ ဒေသခံ ကယန်းတိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာအကများဖြင့် ကြိုဆိုကြပြီး ဒုတိယသမ္မတက ရိုးရာယဉ်ကျေးမှုပစ္စည်း အရောင်းဆိုင်များနှင့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်ထားမှုကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသခံ ကယန်းတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**ဒေသခံများ အလုပ်အကိုင်ရရှိ**

ပန်ပက်ကျေးရွာအုပ်စုသည် ယခင်က သာမန်မိရိုးဖလာ လုပ်ငန်းများကိုသာ လုပ်ကိုင်ခဲ့ကြရာ ၂၀၁၆ ခုနှစ်မှစတင်ပြီး ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ထိုသို့ လုပ်ကိုင်မှုများကြောင့် ယခုအခါ ပန်ပက်ကျေးရွာအုပ်စုမှ စလုံး၊ ရှမ်းကူး၊ ကတဲကူ၊ ပင်မဆောင်၊ ဒေါကီး ကျေးရွာများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ တစ်နှစ်လျှင် တစ်သောင်းကျော်လာရောက်၍ ကယန်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုနှင့် နေထိုင်မှုပုံစံများကို လာရောက်လေ့လာလျက်ရှိရာ ဒေသခံများ အလုပ်အကိုင်ရရှိလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပန်ပက်ကျေးရွာအုပ်စု ရှမ်းကူး၊ ကတဲကူ၊ ဆောင်လူးကနား၊ ပင်မဆောင်၊ ဒုန်းကဲ၊ သန်းကူးကျေးရွာများနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပန်ပက်ကျေးရွာအုပ်စု ယဉ်ကျေးမှုဆိုင်တန်း၊ ပေါ်ကူး၊ ပရိုက်ကူ၊ လင်ဆောင်ဒေး (၁) နှင့် (၂) ကျေးရွာများအား လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပန်ပက်ကျေးရွာအုပ်စုမှ ကျေးရွာခုနစ်ရွာအား ရွာတွင်းလမ်းများ ကျောက်ချောလမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်းနှင့် ရေပြွန်တည်ဆောက်ခြင်းများကို လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပန်ပက်ကျေးရွာအုပ်စုမှ ကျေးရွာများအား တစ်နေ့လျှင် ရေဂါလန် ၃၀၀၀၀ ကျော်ပေးဝေနိုင်သည့် ရေပေးဝေရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ငွေတောင်ဆည်အတွင်း ရေဝင်ရောက်မှုကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် ငွေတောင်ဆည်သို့ ရောက်ရှိ၍ ဆည်အတွင်းရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေလွင်က ငွေတောင်ဆည်ဆိုင်ရာ အချက်အလက်များနှင့်ငွေတောင်ဆည်မှ ဒေသခံပြည်သူများအား စိုက်ပျိုးရေနှင့် သောက်သုံးရေ လုံလောက်စွာပေးရေး ဆောင်ရွက်မှုအခြေအနေအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လွိုင်ကော်မြို့အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်ထားသည့် ဘီလူးချောင်းအတွင်း စက်လှေဖြင့် လိုက်လံကြည့်ရှုသည်။ **သတင်းစဉ်**

**“ပန်ပက်ကျေးရွာအုပ်စုသည် ယခင်က သာမန်မိရိုးဖလာလုပ်ငန်းများကိုသာ လုပ်ကိုင်ခဲ့ကြရာ ၂၀၁၆ ခုနှစ်မှစတင်ပြီး ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့။ ထိုသို့ လုပ်ကိုင်မှုများကြောင့် ယခုအခါ ပန်ပက်ကျေးရွာအုပ်စုမှ စလုံး၊ ရှမ်းကူး၊ ကတဲကူ၊ ပင်မဆောင်၊ ဒေါကီးကျေးရွာများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ တစ်နှစ်လျှင် တစ်သောင်းကျော်လာရောက်၍ ကယန်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုနှင့် နေထိုင်မှုပုံစံများကို လာရောက်လေ့လာလျက်ရှိရာ ဒေသခံများ အလုပ်အကိုင်ရရှိလျက်ရှိ”**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများနှင့် ထိုင်းနိုင်ငံသို့ရောက်ရှိနေသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၂

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ဌာနေကိုယ်စားလှယ် Mr. Johan Cels အား ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ်တွင် ဝန်ကြီးဌာနနှင့် UNDP ၊ UNHCR တို့ အကြား သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်နိုင်ခြင်းအတွက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မှု၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်အကြားရှိ ပြည်သူများအတွက် ဒေသလုံခြုံရေးအခြေအနေပေးပါက ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် ယခုလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်မည့်အစီအစဉ်၊ မိုးရာသီကာလအတွင်း ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသသို့ UNHCR မှ သွားရောက်ဆောင်ရွက်မည့် အစီအစဉ်များအား ခေတ္တဆိုင်းငံ့ထားမှုနှင့် လုပ်ဆောင်နိုင်မည့် အခြားလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ခွင့်ပြုချက် တင်ပြဆောင်ရွက်သွားမည့်အစီအစဉ်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်အပေါ် UNHCR မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှု၊ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသို့ ပြန်လာချင်သူများအတွက် နိုင်ငံသားစိစစ်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ၊ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် နှစ်နိုင်ငံညှိနှိုင်းမှုအရ တရားဝင်လုပ်သားများဖြစ်စေရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားဟုဆိုသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် ပံ့ပိုးကူညီပေးနိုင်ရေးအတွက် UNHCR မှ ရေးဆွဲထားသည့် စီမံချက်စာတမ်းအပေါ် လေ့လာသုံးသပ် အကြံပြုပေးနိုင်ရေးကိစ္စ၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် UNHCR မှ နီးကပ်စွာ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ဌာနေကိုယ်စားလှယ် Mr. Johan Cels အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းသာယာဝပြောရေးအတွက် ရေရှည်တည်တံ့သည့် အဖြေရှာမှုများပြုလုပ်ရာတွင် နိုင်ငံတကာအသိုက်အဝန်းမှ အပြုသဘောဆောင်ပြီး စစ်မှန်သည့် နည်းလမ်းဖြင့် လက်တွဲပါဝင်ရန် တောင်းဆို

**နေပြည်တော် ဇူလိုင် ၁၂**

ဂျီနီဗာမြို့၌ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၄၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ဇူလိုင် ၁၀ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အပြန်အလှန်ဆွေးနွေးပွဲတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးကိုယ်စား ဒုတိယမဟာမင်းကြီးက နှုတ်ဖြင့် အစီရင်ခံတင်ပြခဲ့ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက သက်ဆိုင်ရာနိုင်ငံအနေဖြင့် ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

### အရေးကြီးဦးစားပေးကိစ္စရပ်အဖြစ် ဆောင်ရွက်လျက်ရှိ

မြန်မာအမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံကဲ့သို့ လူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးတို့တွင် မျှတမှုနှင့် အားလုံးပါဝင်မှုတို့သည် အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အတည်မပြုနိုင်သည့် စွပ်စွဲချက်များအား လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာများတွင် ဖော်ပြပါရှိနေခြင်းကို စိုးရိမ်ကြောင်း၊ လက်ရှိအစိုးရသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အရေးကြီးဦးစားပေးကိစ္စရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခဲ့ခြင်း၊ ဒေါက်တာကိုဖီအာနန်၏ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ခြင်း၊ အာဆာအကြမ်းဖက် တိုက်ခိုက်မှုများအပါအဝင် စိန်ခေါ်မှုများ ရှိသော်လည်း ၎င်းအကြံပြုချက်များကို ဆက်လက်အကောင်အထည် ဖော်ဆောင်နေမှုများ၊ ရရှိတိုးတက်မှုများ၊ နေရပ်ပြန်လာမည့်သူများအတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ထပ်လောင်းရှင်းလင်းပြောကြားခဲ့သည်။

### အခြေအနေအရပ်ရပ် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်

ဆက်လက်၍ နေရပ်စွန့်ခွာသူများ မိမိဆန္ဒအလျောက် ဂုဏ်သိက္ခာရှိရှိနှင့် လုံခြုံမှုရှိစွာ နေရပ်ပြန်နိုင်ရေးကိစ္စတွင် မြန်မာအစိုးရမှ ကြိုးပမ်းဆောင်ရွက်မှု နည်းပါးကြောင်း (သို့မဟုတ်) ကြိုးပမ်းအားထုတ်မှုမရှိကြောင်း စွပ်စွဲပြောဆိုနေခြင်းများနှင့်ပတ်သက်၍ အခြေအနေအရပ်ရပ်ကို ဓမ္မဓိဋ္ဌာန်ကျကျဖြင့် ရှုမြင်သုံးသပ်ရန်




**မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း ပြန်လည်ရှင်းလင်းပြောကြားစဉ်။**

တိုက်တွန်းလိုကြောင်း၊ နေရပ်စွန့်ခွာသူများအပေါ် မှတ်သုံးရာသီကြောင့် ကျရောက်နိုင်သည့် ဘေးအန္တရာယ်အတွက် စိုးရိမ်ပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံ သဘောတူညီထားသည့်အတိုင်း ပြန်လည်လက်ခံရန် အသင့်ဖြစ်နေကြောင်း၊ နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို အောင်မြင်စွာ ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ စစ်မှန်သော စိတ်ရင်းဖြင့် ပူးပေါင်းဆောင်ရွက်မှု အဓိကလိုအပ်ကြောင်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းကဲ့သို့သော နိုင်ငံတကာမျက်နှာစာများ (International Platforms) ကို အလွဲသုံးစားပြု၍ မြန်မာနိုင်ငံပေါ် ဖိအားပေးမှုများကို လုံးဝရှောင်ကြဉ်ရန်လိုကြောင်း အလေးထားပြောကြားခဲ့သည်။

### ဘင်္ဂလားဒေ့ရှ်ဘက်မှ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှု ရရှိလိမ့်မည်မျှော်လင့်

ထို့ပြင် ဇူလိုင်လကုန်တွင် မြန်မာဘက် ပူးတွဲလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ ကော့ခ်စ်ဘဇားသို့ သွားရောက်ရန် စီစဉ်ထားရှိမှု၊ နေရပ်စွန့်ခွာသူများအား အချက်အလက်များ ဖြန့်ဝေရေးနှင့် နေအိမ်များတည်ဆောက်ရေးတွင် ခင်မင်ရင်းနှီးသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်၌ မြန်ဆန်ထိရောက်သည့် စီမံကိန်းများ (Quick Impact Projects) တွင် UNDP နှင့် UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ AHA Centre နှင့် ပူးပေါင်းဆောင်ရွက်မှု အပါအဝင် မြန်မာဘက်မှ ပြင်ဆင်ထားရှိမှုများကိုလည်း ကောင်စီသို့ အသိပေးပြောကြားခဲ့ပြီး ကော့ခ်စ်ဘဇားသို့ သွားရောက်ရန် စီစဉ်ထားသည့် ခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ်ဘက်မှ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှု ရရှိလိမ့်မည်ဟု မြန်မာအနေဖြင့် မျှော်လင့်ကြောင်း အလေးထားပြောကြားခဲ့သည်။

### အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ရန် ဆောင်ရွက်နေ

ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်ခဲ့ကြောင်း စွပ်စွဲချက်များနှင့် ပတ်သက်၍ ခိုင်မာသည့် သက်သေအထောက်အထားများရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်နေကြောင်း၊ ယင်းကော်မရှင်သည် ယခုနှစ် ဇန်နဝါရီလကတည်းက ကော့ခ်စ်ဘဇားသို့ သွားရောက်ရန် ဘင်္ဂလားဒေ့ရှ်ဘက်သို့ သုံးကြိမ်တိုင်တိုင် မေတ္တာရပ်ခံခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ ယခုအချိန်အထိ အကြောင်းပြန်ကြားမှု တစ်စုံတစ်ရာမရှိသေးကြောင်း၊ ကောင်းမွန်သော အစီရင်ခံစာတစ်ခုထွက်ရှိရန် ကော်မရှင်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုလိုကြောင်း၊ မြန်မာအစိုးရအနေဖြင့် ထိခိုက်ခံစားခဲ့ကြရသည့် အသိုက်အဝန်းအားလုံးထံသို့ လူသားချင်းစာနာမှု အကူအညီပေးအပ်နိုင်ရန်နှင့် အသိုက်အဝန်းများအားလုံးအကြား သဟဇာတပိုမိုရှိလာစေရေးနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်ရောက်ရှိရေးအတွက် နိုင်ငံတော်မှ အရင်းအမြစ်များ အသုံးပြု၍ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

### စိန်ခေါ်မှုများ ကျော်ဖြတ်နိုင်ရေး ခိုင်မာစွာဆုံးဖြတ်ထား

အမြဲတမ်းကိုယ်စားလှယ်က ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများသည် ရှုပ်ထွေးနက်နဲသည့် စိန်ခေါ်မှုများဖြစ်ပြီး ယင်းတို့ကို ကျော်ဖြတ်နိုင်ရေးအတွက် အစိုးရအနေဖြင့် ခိုင်မာစွာ ဆုံးဖြတ်ထားကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းက မည်သို့မျှ အကျိုးမဖြစ်ထွန်းနိုင်သည့် ဖိအားပေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုမရှိသည့် အပြုအမူများနှင့် အပြုသဘောမဆောင်သည့် လုပ်ရပ်များ ဆက်လက်လုပ်ဆောင်နေပါက စိန်ခေါ်မှုများကို ပိုမိုကြာရှည်ဆိုးရွားလာစေနိုင်သည့်အပြင် ငြိမ်းချမ်းသည့် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်မှုများကို သွေဖည်သွားစေနိုင်ကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းသာယာဝပြောရေးအတွက် ရေရှည်တည်တံ့သည့် အဖြေရှာမှုများ ပြုလုပ်ရာတွင် နိုင်ငံတကာအသိုက်အဝန်းမှ အပြုသဘောဆောင်ပြီး စစ်မှန်သည့် နည်းလမ်းဖြင့် လက်တွဲပါဝင်ရန် တောင်းဆိုခဲ့ပြီး နယ်ပယ်ကဏ္ဍစုံတွင် တိုးတက်မှုများ နေ့ချင်းညချင်း တစ်ပြိုင်နက်ရရှိရန် မဖြစ်နိုင်သော်လည်း အစိုးရ၏ သုံးနှစ်တာလုပ်ငန်းကာလအတွင်း မြေပြင်တွင် တည်တံ့ခိုင်မာ သည့် တိုးတက်မှုရလဒ်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိပြီးဖြစ်ကြောင်း၊ နိဂုံးချုပ်ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

- **ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများသည် ရှုပ်ထွေးနက်နဲသည့် စိန်ခေါ်မှုများဖြစ်ပြီး ယင်းတို့ကို ကျော်ဖြတ်နိုင်ရေးအတွက် အစိုးရအနေဖြင့် ခိုင်မာစွာဆုံးဖြတ်ထား**
- **နိုင်ငံတကာအသိုက်အဝန်းက မည်သို့မျှ အကျိုးမဖြစ်ထွန်းနိုင်သည့် ဖိအားပေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှု မရှိသည့် အပြုအမူများနှင့် အပြုသဘောမဆောင်သည့်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်နေပါက စိန်ခေါ်မှုများကို ပိုမိုကြာရှည်ဆိုးရွားလာစေနိုင်သည့်အပြင် ငြိမ်းချမ်းသည့် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်မှုများကို သွေဖည်သွားစေနိုင်**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် သက္ကေပြင် IDP စခန်းသို့ သွားရောက်ကြည့်ရှု

**စစ်တွေ ဇူလိုင် ၁၂**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်၏ လတ်တလော အခြေအနေများ၊ ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

### စာပေသင်ကြားနေမှုအခြေအနေများ ကြည့်ရှု

ထို့နောက် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီး ဦးဝင်းမြင့်တို့နှင့်အတူ စစ်တွေမြို့သက္ကေပြင်ကျေးရွာသို့ သွားရောက်၍ IDP စခန်းတွင် နေထိုင်ကြသည့် မိသားစုဝင်များနှင့် တွေ့ဆုံပြီး စခန်းအတွင်း လှည့်လည်ကြည့်ရှုကာ သက္ကေပြင်ကျေးရွာ ကျန်းမာရေးဆေးပေးခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများနှင့် ကျေးရွာအတွင်းရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

### ပြန်လည်ထွက်ခွာ

ညနေပိုင်းတွင် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် စစ်တွေလေဆိပ်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်း - အောင်ရဲသွင်**



**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ စစ်တွေမြို့သက္ကေပြင်ကျေးရွာ IDP စခန်းအတွင်း ကြည့်ရှုစဉ်။**
ဓာတ်ပုံ -တင်ထွန်း (ပြန်/ဆက်)

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**

(၂၀   ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)

၁၃   ခုနှစ်၊   လ   ရက်

(၂၀   ခုနှစ်၊   လ   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၃။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့က ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။”

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၅၄။ ကော်မရှင်သည် -

(က) မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(ခ) လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်။”

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယင်းမဲဆန္ဒနယ်ရှိ မဲစာရင်းတွင်ပါရှိသော မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှု မရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။”

၅။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၈၉။ လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်ခဲ့လျှင် လွှတ်တော်ပုံမှန်သက်တမ်းကာလအတွင်း ကြားဖြတ်ရွေးကောက်ပွဲကို ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ရမည်။”

---

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**

(၂၀   ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)

၁၃   ခုနှစ်၊   လ   ရက်

(၂၀   ခုနှစ်၊   လ   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၃။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့က ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။”

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၅၄။ ကော်မရှင်သည် -

(က) မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(ခ) လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်။”

၄။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယင်းမဲဆန္ဒနယ်ရှိ မဲစာရင်းတွင်ပါရှိသော မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှု မရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။”

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၈၉။ လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်ခဲ့လျှင် လွှတ်တော်ပုံမှန်သက်တမ်းကာလအတွင်း ကြားဖြတ်ရွေးကောက်ပွဲကို ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ရမည်။”

---

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**

(၂၀   ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)

၁၃   ခုနှစ်၊   လ   ရက်

(၂၀   ခုနှစ်၊   လ   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၃။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့က ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။”

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၅၄။ ကော်မရှင်သည် -

(က) မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(ခ) လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်။”

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယင်းမဲဆန္ဒနယ်ရှိ မဲစာရင်းတွင်ပါရှိသော မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှု မရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။”

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၈၉။ လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်ခဲ့လျှင် လွှတ်တော်ပုံမှန်သက်တမ်းကာလအတွင်း ကြားဖြတ်ရွေးကောက်ပွဲကို ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ရမည်။”

---

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မြန်မာပြည်မှာ တက္ကသိုလ်အားလုံး ၁၇၃ ကျောင်း ရှိပါတယ်။ ၁၇၃ ကျောင်းထဲမှာ အဓိကအားဖြင့် အပိုင်းနှစ်ပိုင်းခွဲပြီး လျှောက်လို့ရတယ်

ဒေါက်တာ ဇော်ဝေစိုး

## ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ စကားဝိုင်းကျင်းပ

**၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာစကားဝိုင်းတွင် ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဆေးတက္ကသိုလ်-၁ (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ဇော်ဝေစိုး၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေး၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**




**အစီအစဉ်မှူး ။ ။ ၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲမှာ ဖြေဆိုအောင်မြင်ခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေအတွက် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းနဲ့ ရွေးချယ်စနစ်အကြောင်း သိကောင်းစရာတွေကို ဆွေးနွေးမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ တက္ကသိုလ်အသီးသီးက ပညာရှင်ဆရာကြီး ဆရာမကြီးတွေနဲ့ ဆွေးနွေးမေးမြန်းသွားဖို့ ဖိတ်ခေါ်ထားပါတယ်။**

**၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေအတွက် တက္ကသိုလ်ဝင်ခွင့်ကို ဘယ်လိုလျှောက်ထားရမယ်ဆိုတာ ဆရာကြီးအနေနဲ့ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာဇော်ဝေစိုး ။ ။** ဒီနေ့စကားဝိုင်းက ၂၀၁၉ ခုနှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ထားတဲ့သူတွေအတွက် တက္ကသိုလ်ဝင်ခွင့် လျှောက်တာနဲ့ ပတ်သက်တဲ့ စကားဝိုင်း ဖြစ်ပါတယ်။ မေးခွန်းကို ဖြေရရင်တော့ မြန်မာပြည်မှာတက္ကသိုလ်အားလုံး ၁၇၃ ကျောင်း ရှိပါတယ်။ ၁၇၃ ကျောင်းထဲမှာ အဓိကအားဖြင့် အပိုင်းနှစ်ပိုင်းခွဲပြီး လျှောက်လို့ရတယ်။ ပထမဦးဆုံး အပိုင်းကတော့ သတင်းစာထဲမှာ သီးခြားကြော်ငြာခေါ်တဲ့တက္ကသိုလ်တွေ ရှိပါတယ်။

နောက်တစ်ခုက တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်နဲ့ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မယ့်တက္ကသိုလ်တွေနဲ့ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနဲ့ လျှောက်ရမယ့် တက္ကသိုလ်ဆိုပြီး နှစ်ပိုင်းရှိတယ်။ သတင်းစာထဲမှာ သီးခြားကြော်ငြာနဲ့ ခေါ်တဲ့ တက္ကသိုလ်တွေကို ဝင်ခွင့်လမ်းညွှန်စာအုပ်ရဲ့ စာမျက်နှာ ၅၄ ကစပြီး စာမျက်နှာ ၆၆ အထိ တစ်ကျောင်းချင်းစီရဲ့ အသေးစိတ်အချက်အလက်တွေနဲ့ ဖော်ပြထားပါတယ်။ သတင်းစာထဲမှာ သီးခြားကြော်ငြာခေါ်ယူပြီး တိုက်ရိုက်လျှောက်ထားရမယ့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်၊ ဒီဂရီကောလိပ်နဲ့ ကောလိပ်တွေဆိုပြီး ၁၀ ခု ဖော်ပြထားပါတယ်။

အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်၊ မန္တလာဒီဂရီကောလိပ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၊ သစ်တောနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် (ရေဆင်း)၊ မြန်မာသတင်းအချက်အလက်နည်းပညာ တက္ကသိုလ်(MIIT)၊ သမဝါယမတက္ကသိုလ် / ကောလိပ်တွေ၊ ယွန်းပညာကောလိပ်၊ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်တွေ၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ဆိုပြီး ရှိပါတယ်။

### သီးခြားတက္ကသိုလ် ၁၄ ခု

အဲဒီတက္ကသိုလ်တွေက သတင်းစာထဲမှာ သီးခြားသူ့ကျောင်းနဲ့သူ ခေါ်တဲ့အချိန်မှာ လျှောက်ရမှာ ဖြစ်ပါတယ်။ ဒီလိုပဲ တပ်မတော်ကခေါ်တဲ့ တက္ကသိုလ်တွေကလည်း သီးခြားလျှောက်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာနဲ့ လျှောက်ရမယ့်တက္ကသိုလ်က တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ စာအိတ်ပေါ်မှာ လျှောက်ရမယ့်တက္ကသိုလ်တွေနဲ့ကို ဖော်ပြထားပြီး ဖြစ်ပါတယ်။ ပထမဦးဆုံး သီးခြားဝင်ခွင့်ရွေးချယ်မယ့် တက္ကသိုလ်တွေဆိုပြီး တက္ကသိုလ် ၁၄ ခု ဖော်ပြထားပါတယ်။

အဲဒါတွေကတော့ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး၊ လှိုင်)၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)၊ မြန်မာနိုင်ငံလေကြောင်းနဲ့ အာကာသပညာတက္ကသိုလ်ဆိုပြီး တက္ကသိုလ် ၁၄ ခု ရှိတယ်။ နောက်ထပ်ဆေးနဲ့ ဆေးပညာနှီးနွှယ် တက္ကသိုလ်တွေရှိတယ်။

နောက်တစ်ခုက တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မယ့် တက္ကသိုလ်တွေကတော့ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နဲ့ မြန်မာတစ်ပြည်လုံးမှာရှိနေတဲ့နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်တွေမှာ နေ့သင်တန်း၊ အဝေးသင်သင်တန်းတွေကို ဒီလျှောက်လွှာနဲ့ လျှောက်ရမှာ ဖြစ်ပါတယ်။

### ကြိုက်နှစ်သက်သည့် တက္ကသိုလ်သို့ လျှောက်ထားနိုင်ရန် လမ်းညွှန်စာအုပ်ကို သေသေချာချာဖတ်ဖို့လို

လျှောက်တဲ့အခါကျရင် ကိုယ်ဘယ်ဘာသာကို ဝါသနာပါသလဲ၊ ဘယ်ဘာသာကို ကိုယ့်အနေနဲ့ ကြိုက်နှစ်သက်သလဲဆိုတဲ့ အချက်ပေါ် မူတည်ပြီး ကိုယ့်ရဲ့ရတဲ့အမှတ်နဲ့ စဉ်းစားပြီး လျှောက်ရပါမယ်။ သတိပေးချင်တာက အချိန်တစ်လသာ ပေးထားပြီး ဇွန်လ ၂၄ ရက်က မြို့နယ်နဲ့ ကျောင်းတွေမှာ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်တွေ ထုတ်ယူပေးခဲ့ပြီ ဖြစ်ပါတယ်။

ဝေးလံတဲ့နေရာတွေအထိ ရောက်အောင်ပို့ထားပြီးဖြစ်လို့ လမ်းညွှန်စာအုပ်ကို သေသေချာချာဖတ်ဖို့ လိုပါတယ်။ ဒီစာအုပ်က မာတိကာအပါအဝင် စာမျက်နှာ ၁၇၀ ရှိတယ်။ သေချာဖတ်ပြီးတော့ ကိုယ့်ရဲ့ဘဝအတွက်၊ ကိုယ့်ရဲ့နောင်အနာဂတ်အတွက်၊ ကိုယ်ရွေးချယ်မယ့်အရာဖြစ်တဲ့အတွက် သေချာဖတ်စေချင်တယ်။ ဘယ်လိုလျှောက်ရမယ်ဆိုတာ စာအုပ်ထဲမှာ ပြည့်ပြည့်စုံစုံ ဖော်ပြထားတယ်။ ကျောင်းသားကလည်း ကိုယ့်ဘဝအတွက် ဆုံးဖြတ်ရမှာဖြစ်သလို တက္ကသိုလ်တွေအနေနဲ့ကလည်း အကောင်းဆုံးကျောင်းသားတွေ၊ အသင့်တော်ဆုံးကျောင်းသားတွေ လိုချင်တာဖြစ်တဲ့အတွက် တက္ကသိုလ်တွေကလည်း လိုအပ်ချက်တွေကို ဖော်ပြထားတာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီနှစ်လုပ်ထားတဲ့စနစ်က အဖြူရောင်ရွေးချယ်မှု ကတ်ပြား လျှောက်လွှာတစ်ခုတည်းမှာပဲ ဦးစားပေးအစီအစဉ် ၂၂ ခုကို နေ့သင်တန်းအနေနဲ့ ဖော်ပြလျှောက်ထားလို့ရတယ်။ အဝေးသင်အနေနဲ့ဆို ၁၁ ဘာသာ ဖော်ပြလျှောက်ထားလို့ရတယ်။ လျှောက်လွှာတစ်ခုတည်းမှာပဲ တစ်ပြိုင်နက်တည်း အားလုံးကိုပေါင်းပြီး လျှောက်တဲ့အတွက် အရင်နှစ်ကဖြစ်တဲ့ပုံစံမျိုး တစ်ဖက်နဲ့တစ်ဖက် ထပ်သွားတာမျိုး၊ ကိုယ်လိုချင်တဲ့ကျောင်းကို မရလိုက်တာမျိုး၊ နှစ်ခုခွဲပြီး ပါနေတဲ့ ကျောင်းတစ်ကျောင်းအနေနဲ့ ကိုယ်လိုချင်တဲ့ ကျောင်းသားအရေအတွက် မရလိုက်တာတို့ ဒီနှစ်မဖြစ်နိုင်တော့ဘူး။ အရင်နှစ်က သီးခြားခေါ်တဲ့ တက္ကသိုလ်တွေကို လျှောက်လွှာသွားတင်တယ်။ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့ကိုလည်းတင်တော့ လျှောက်လွှာနှစ်စောင် တင်သလိုဖြစ်ပြီး ထပ်သွားတယ်။ ဒီနှစ်မှာတော့ ဒီလျှောက်လွှာတစ်စောင်တည်းမှာပဲ ရွေးချယ်ရေးစနစ်တစ်ခုနဲ့သွားမှာဖြစ်တဲ့အတွက် မနှစ်ကလို မဖြစ်ဘူးလို့ မျှော်လင့်ပါတယ်။

### ဦးစားပေးတက္ကသိုလ်လျှောက်ထားခြင်း

အဲဒီလိုမျိုးလျှောက်တဲ့အခါ သေချာဖတ်ပြီး လျှောက်မယ်ဆိုရင် ဦးစားပေး လျှောက်ထားရမယ့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ဘာသာရပ်တွေဆိုတဲ့ အကွက်မှာ ၂၂ ကွက်ရှိတယ်။ ဦးစားပေးတက္ကသိုလ် လျှောက်ထားခြင်းမှာ ကိုယ်နှစ်သက်တဲ့ တက္ကသိုလ်ကို အဖြူရောင်သင်တန်းရွေးချယ်မှုကတ်ပြားထဲမှာ ရေးရမယ်။ ရေးတဲ့အခါ သီးခြားဝင်ခွင့် ရွေးချယ်မယ့်တက္ကသိုလ် ၁၄ ခုရယ်၊ ဆေးနဲ့ဆေးပညာနှီးနွှယ်တက္ကသိုလ် ၁၅ ခုရယ်၊ ပေါင်းရင် ၂၉ ခုထဲက တက္ကသိုလ်တွေကို အရင်ဆုံးရေးရမယ်။

အဲဒါပြီးမှ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က ရွေးမယ့်တက္ကသိုလ်တွေဆိုပြီး တတိယအကွက်လေးထဲမှာပါတဲ့ ကျောင်းတွေကို ရေးရမှာ ဖြစ်တယ်။ ဒါမှသာ ရွေးချယ်တဲ့အခါ အဆင်ပြေမှာဖြစ်တယ်။ လျှောက်ထားတဲ့သူအတွက် အဆင်ပြေမယ်။ ဒါနဲ့ ပတ်သက်ပြီး သီးခြားဝင်ခွင့်ရွေးချယ်မယ့် တက္ကသိုလ်တွေ၊ ဆေးတက္ကသိုလ်နဲ့ ဆေးနဲ့ ဆေးပညာ နှီးနွှယ်တက္ကသိုလ်တွေ၊ အဲဒါပြီးရင် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မယ့် တက္ကသိုလ်တွေနဲ့ဆိုပြီး အဲဒီအစီအစဉ်အတိုင်း လျှောက်ရင်မှန်ပါတယ်။ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မယ့် တက္ကသိုလ်တွေကို အရင်လျှောက်ပြီး သီးခြားဝင်ခွင့်ရွေးချယ်မယ့် တက္ကသိုလ်တွေ၊ ဆေးတက္ကသိုလ်နဲ့ ဆေးပညာ နှီးနွှယ်တက္ကသိုလ်တွေကို အောက်မှာထားလျှောက်မယ်ဆိုရင် ရွေးချယ်ရေးစနစ်အရ ခက်ခဲတယ်၊ မှားသွားနိုင်တယ်၊ အဖြူရောင်ကတ်ထဲမှာရေးတာက ကိုယ်ဘာကို ကြိုက်တယ်၊ ဘာကိုတက်ချင်တယ်ဆိုတာ အစဉ်လိုက်ရေးပါ၊ ကတ်ပြားပါ ၂၂ ကွက်လုံးကို ဖြည့်ရင်တော့ အကောင်းဆုံးပါ။ အရင်နှစ်တွေတုန်းက ဖြစ်ခဲ့တာက ကိုယ်တက်ချင်တဲ့ ကျောင်းတစ်ခုပဲ ဖြည့်လိုက်ပြီး ကျန်တာတွေ မဖြည့်ဘူး။ ဒါမှမဟုတ် ကိုယ်တက်ချင်တဲ့ ကျောင်းတစ်ခုကိုပဲ အမှတ်စဉ် (၁)လည်း ဒါပဲ၊ အမှတ်စဉ်(၂)လည်းဒါပဲ၊ အမှတ်စဉ် (၃)လည်း ဒါပဲ ရေးခဲ့ကြတယ်။

အဲဒီလိုရေးလိုက်တဲ့အခါ အောက်ကအစဉ်တွေကို မထည့်လိုက်တဲ့အတွက် ကိုယ့်အမှတ်က အဲဒီတက္ကသိုလ်ကိုဝင်ရင် အဆင်ပြေပါတယ်။ မဝင်ခဲ့ဘူး၊ အဲဒီတက္ကသိုလ်မှာ ရွေးချယ်မခံခဲ့ရဘူးဆိုရင် သူ့အတွက် ဘာတက္ကသိုလ်ရမယ်ဆိုတာ မရှိတော့ဘူး။ ဒါကြောင့် လျှောက်တဲ့နေရာမှာ အကွက် ၂၂ ကွက်မှာ ဦးစားပေး အစီအစဉ်အလိုက် ၂၂ မျိုးလုံးကို ဖြည့်ရင် ပိုကောင်းပါတယ်။ တကယ်လို့ အဝေးသင်တက်မယ်ဆိုရင်လည်း အဝေးသင် သင်တန်းခေါင်းစဉ်အောက်က ၁၁ ကွက်လုံးကို ဖြည့်သင့်ပါတယ်။

ဒါမှသာ ဝင်ခွင့်စိစစ်ရေးအဖွဲ့အနေနဲ့ သေချာစိစစ်နိုင်မှာဖြစ်ပြီး ကျောင်းသားတွေအတွက်လည်း အဆင်ပြေသလို တက္ကသိုလ်တွေအတွက်လည်း အဆင်ပြေပါတယ်။ အဖြူရောင်ကတ်ပြားပေါ်မှာ ဖြည့်ပြီးရင် လျှောက်လွှာစာအိတ်ထဲ ထည့်ပိတ်ပြီး ဘယ်ကို ပို့မလဲဆိုတဲ့ လိပ်စာကို စာအိတ်ပေါ်မှာ အဆင်သင့် ရေးထားပါတယ်။

သို့-ပါမောက္ခချုပ်ဆိုတာရှိတယ်၊ သို့-ဥက္ကဋ္ဌ၊ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ဆိုပြီးတော့ ရှိတယ်။ အဲဒီနှစ်ခု ဘယ်ကိုပို့ရမလဲဆိုရင် သီးခြားဝင်ခွင့်ရွေးတဲ့ တက္ကသိုလ် ၁၄ ခုနဲ့ပတ်သက်ပြီး အဲဒီ ၁၄ ကျောင်းထဲက တက္ကသိုလ်တစ်ခုကို ကိုယ့်ရဲ့ ဦးစားပေးနံပါတ်(၁)အနေနဲ့ လျှောက်ခဲ့ရင် ဦးစားပေးနံပါတ်(၁) တက္ကသိုလ်ကို ပို့ရမှာ ဖြစ်ပါတယ်။ ဦးစားပေးနံပါတ်(၁)က ရန်ကုန်နည်းပညာတက္ကသိုလ်ဆိုရင် ရန်ကုန်နည်းပညာတက္ကသိုလ်ကို အမှန်ခြစ်လိုက်ပါ။ အမှန်ခြစ်ပြီး လျှောက်လွှာအိတ်ကို ပို့မယ်ဆိုရင် ပါမောက္ခချုပ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်ဆီကို ပို့ရမှာ ဖြစ်ပါတယ်။ ဦးစားပေးနံပါတ်(၁)က (၁၄)ခုထဲက တစ်ခု ဥပမာ-နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ဆိုရင် အမှန်ခြစ်လိုက်ပြီး ပါမောက္ခချုပ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ကို ပို့ရမှာဖြစ်တယ်။

### ဦးစားပေးနံပါတ်(၁)ကိုပဲ အမှန်ခြစ်ပြီး ပေးပို့ရမှာဖြစ်

ဦးစားပေးနံပါတ် (၂) က ဘာပဲဖြစ်ဖြစ် ဦးစားပေးနံပါတ် (၁)ကိုပဲ အမှန်ခြစ်ပြီး ပေးပို့ရမှာ ဖြစ်ပါတယ်။ တကယ်လို့ ဦးစားပေးနံပါတ်(၁)ကို ဆေးတက္ကသိုလ်တွေ လျှောက်တယ်ဆိုရင် ဆေးတက္ကသိုလ်များ အကွက်ကို အမှန်ခြစ်လိုက်ပြီး တိုင်းဒေသကြီး/ပြည်နယ်တွေက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၂၃ ကျောင်းကို ပို့ရမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ကို လူကိုယ်တိုင်သွားပို့လည်း ရတယ်။ ဒါမှမဟုတ် စာအိတ်ကို စာတိုက်က ပို့လည်းရပါတယ်။ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့ ရွေးချယ်မယ့် တက္ကသိုလ်တွေထဲက တက္ကသိုလ်တစ်ခုခုကို နံပါတ်(၁)အဖြစ် လျှောက်ခဲ့ရင်လည်း လျှောက်လွှာ စာအိတ်ပေါ်က ဥပမာ-စစ်ကိုင်းပညာရေးတက္ကသိုလ်ကို ရွေးချယ်မယ်ဆိုရင် စစ်ကိုင်းပညာရေးတက္ကသိုလ်ကို အမှန်ခြစ်လုပ်ရမှာ ဖြစ်ပါတယ်။ ***စာမျက်နှာ ၁၁ သို့***

**“အရင်နှစ်က သီးခြားခေါ်တဲ့ တက္ကသိုလ်တွေကို လျှောက်လွှာသွားတင်တယ်။ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့ကိုလည်းတင်တော့ လျှောက်လွှာနှစ်စောင် တင်သလိုဖြစ်ပြီး ထပ်သွားတယ်။ ဒီနှစ်မှာတော့ ဒီလျှောက်လွှာတစ်စောင်တည်းမှာပဲ ရွေးချယ်ရေးစနစ်တစ်ခုနဲ့ သွားမှာဖြစ်တဲ့အတွက် မနှစ်ကလို မဖြစ်ဘူးလို့ မျှော်လင့်ပါတယ်”**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၂၄)တွင် ပါတီရုံးချုပ်တည်ရှိသော **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ** သည် ယင်းပါတီ၏တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ◆ *ကျောဖုံးမှ*

မြစ်ရေများဝင်ရောက်လာမှုကြောင့် အဆိုပါ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ အ.ထ.က-ခွဲ(စန်းကား)၊ အ.မ.က-၃(စန်းကား)၊ အ.မ.က-၅(စန်းကား)၊ အ.ထ.က-ခွဲ(မန်ဒေါင်)၊ အ.မ.က-၃ (ခတ်ချို)၊ အ.မ.က-၆(ခတ်ချို)၊ အ.မ.က-(မိုင်းမော)၊ အ.မ.က-၁(ဝိုင်းမော်)၊ အ.မ.က-၆(ဝိုင်းမော်) အခြေခံပညာကျောင်း ကိုးကျောင်းအား ယာယီခေတ္တပိတ်ထားလျက်ရှိကြောင်း သိရသည်။ မြစ်ရေများမြင့်တက်လာမှုကြောင့် ရေဝင်မိသားစုများအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဝိုင်းမော်မြို့ အထက(၂)ကျောင်းနှင့် အောင်ချမ်းသာဘုန်းကြီးကျောင်း၌ ပြောင်းရွှေ့ထားကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှလည်း မြစ်ကြီးနားမြို့၏ စိုးရိမ်ရေအမှတ် ၁၂၀၀ စင်တီမီတာတွင် ယနေ့ မွန်းလွဲ ၂ နာရီအချိန် တိုင်းထွာချက်အရ ၁၁၀၆ စင်တီမီတာသို့ ရောက်ရှိနေပြီး နောက်ထပ် ၂၄ နာရီအတွင်း ၂၁၈ စင်တီမီတာ ထပ်မံမြင့်တက်လာနိုင်ကြောင်း ထုတ်ပြန်ကြေညာထားပြီး ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့နှင့် ရွှေကူမြို့၌ နောက်ထပ် နှစ်ရက်အတွင်းနှင့် ဗန်းမော်မြို့၌ နောက် သုံးရက်အတွင်း စိုးရိမ်ရေအမှတ်သို့ အသီးသီးရောက်ရှိနိုင်ကြောင်းနှင့် အဆိုပါမြို့နယ်အတွင်းရှိ မြစ်ကမ်းနားနှင့် မြေနိမ့်ပိုင်းများတွင် နေထိုင်သူများအား သတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အသိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**မြို့နယ် (ပြန်/ဆက်)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် **နာဂအမျိုးသားပါတီ [ Naga National Party (NNP) ]** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **နာဂအမျိုးသားပါတီ [ Naga National Party (NNP) ]** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁-၇-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**နာဂအမျိုးသားပါတီ [ Naga National Party (NNP) ] ၏ အလံပုံစံ**



**နာဂအမျိုးသားပါတီ [ Naga National Party (NNP) ]၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် **ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin) ][N.D.P(Kachin)]**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ်၊ ပန်ဝါမြို့၊ အမှတ်(၃) ရပ်ကွက်၊ ချမ်းမောအိမ်ရာ (၁၇)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)][N.D.P(Kachin)]** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၁-၆-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin) ] [N.D.P(Kachin)] ၏ အလံပုံစံ**



**ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin) ] [N.D.P(Kachin)] ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*စာမျက်နှာ ၁၀ မှ အဆက်*

အဲဒါကို အမှန်ခြစ်ပြီးရင် ပို့ရမယ့်လိပ်စာက တက္ကသိုလ်၊ ဒီဂရီကောလိပ် ၂၃ ခုဖြစ်တဲ့ မြစ်ကြီးနားတက္ကသိုလ်၊ လွိုင်ကော်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ဟားခါးကောလိပ်၊ မုံရွာတက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ တောင်ကုတ်ဒီဂရီကောလိပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်တို့ ဖြစ်ပါတယ်။

လျှောက်လွှာတွေကို ၂၃ ရက် ဇူလိုင်လမတိုင်မီ လျှောက်ဖို့ လိုအပ်ပါတယ်။ ဒါမှသာလျှင် အချိန်မီ process လုပ်လို့ရမှာ ဖြစ်ပါတယ်။ ပြန်ပြီး အကျဉ်းချုပ်ပြောရမယ်ဆိုရင် ဝင်ခွင့်လမ်းညွှန်တွေ လက်ထဲရောက်လာပြီဆိုရင် အဖြူရောင်ရွေးချယ်မှုကတ်ပြားထဲက ဦးစားပေးအစီအစဉ်ကို စောစောကဖော်ပြခဲ့သလိုပဲ သီးခြားဝင်ခွင့် ရွေးချယ်တဲ့ တက္ကသိုလ်တွေနဲ့ ဆေးနဲ့ဆေးပညာနီးနွယ်တက္ကသိုလ်တွေကို ဦးစားပေး အစီအစဉ်အပေါ်ပိုင်းမှာရေးပြီးတော့ အောက်ပိုင်းမှာ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မယ့်တက္ကသိုလ်တွေကို ရေးရမှာ ဖြစ်ပါတယ်။ အဲဒီလိုရေးပြီးရင် စာအိတ်ထဲထည့်ပြီး ဦးစားပေးအမှတ်စဉ် (၁)လျှောက်တဲ့ တက္ကသိုလ်နေရာမှာ အမှန်ခြစ်ပြီး တက္ကသိုလ်တွေကို ပို့ရမှာဖြစ်ပါတယ်။ စာအိတ်ညာဘက်ထောင့်ပါ ဦးစားပေးတက္ကသိုလ်နဲ့ စုစုပေါင်းရမှတ်ကို ဖော်ပြရမှာဖြစ်ပါတယ်။ အဲဒါတွေကို ရေးတဲ့အခါမှာ မှန်မှန်ကန်ကန်နဲ့ သေသေချာချာ ရှင်းရှင်းလင်းလင်းရေးဖို့ လိုပါတယ်။

**အစီအစဉ်မှူး။ ။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်ခွင့် လျှောက်တဲ့နေရာမှာ အခက်အခဲတွေ၊ လွဲချော်မှုတွေရှိတယ်လို့လည်း သိရပါတယ်။ ၂၀၁၉ခုနှစ်မှာ တက္ကသိုလ်ဝင်ခွင့်ကို လျှောက်မယ့်ကျောင်းသား ကျောင်းသူတွေအတွက် လွဲချော်မှုတွေ မရှိရအောင် ဆရာကြီးအနေနဲ့ နောက်ထပ်ဘာတွေများ မှာကြားချင်ပါသေးသလဲ။**

**ဒေါက်တာဇော်ဝေစိုး။** ။ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာတွေ မလိုတော့ပါဘူး။ အဲဒါအတွက် အချိန်ကုန်စရာ မရှိတော့ပါဘူး။ ဒါပေမယ့် လျှောက်လွှာဖြည့်တဲ့နေရာမှာတော့ သေသေချာချာ တိတိကျကျ မှန်မှန်ကန်ကန် ရေးဖို့လိုပါတယ်။ လျှောက်လွှာဖြည့်နိုင်ဖို့အတွက် ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ဖို့လိုပါတယ်။ အချိန်ယူပြီး ဖတ်စေချင်ပါတယ်။ သေချာဖတ်ပြီး လျှောက်မယ်ဆိုရင် အဆင်ပြေပါတယ်။ စောစောကပြောခဲ့တဲ့ ဦးစားပေး ၂၂ ကွက်လုံးကို ပြည့်အောင် ဖြည့်ပါ။ ကွက်လပ်ချန်ထားခဲ့မယ်ဆိုရင် အမှားအယွင်း ဖြစ်သွားနိုင်တယ်။ ဒါနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့ ဒီနေ့ စကားဝိုင်းလုပ်ပါတယ်။

ဒီစကားဝိုင်းကို website တင်ထားပေးမယ်၊ အချိန်မရွေးလည်း နားထောင်လို့ရမယ်၊ Social Media တွေပေါ်မှာလည်း တင်ထားပေးမှာ ဖြစ်ပါတယ်။ အဲဒါတွေကိုနားထောင်ပြီး စဉ်းစားလို့ရပါတယ်။ ဒ့ါပြင် animation လည်း လုပ်ထားပါတယ်။ လျှောက်လွှာလက်ခံမယ့်သက်ဆိုင်ရာတက္ကသိုလ်အသီးသီးနဲ့ သီးခြားတက္ကသိုလ်တွေကို ဒါနဲ့ပတ်သက်ပြီးရှင်းလင်းထားပါတယ်။ မသိရင် အဲဒီတက္ကသိုလ်တွေကို သွားရောက်စုံစမ်းမေးမြန်းလို့ရပါတယ်။

**အစီအစဉ်မှူး။ ။ ဒီနှစ်တက္ကသိုလ်ဝင်ခွင့် ရွေးချယ်တဲ့ စနစ်အကြောင်းကိုလည်း ဆရာမကြီးအနေနဲ့ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာ သန်းသန်းဝင်း။** ။ ၂၀၁၉ ခုနှစ်တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးစနစ်ကို အနည်းငယ်ပြောင်းထားပါတယ်။ မနှစ်ကဖြစ်ခဲ့တဲ့ အခြေအနေအပေါ် အခြေခံပြီး တက္ကသိုလ်ဝင်ခွင့်ကို ပထမအသုတ်၊ ဒုတိယအသုတ် နှစ်ပိုင်းခွဲ ရွေးချယ်မှာဖြစ်ပါတယ်။ ပထမအသုတ်မှာတော့ သီးခြားဝင်ခွင့် ရွေးချယ်မယ့် တက္ကသိုလ် ၁၄ ကျောင်းနဲ့ ဆေးနဲ့ ဆေးပညာနီးနွယ်တက္ကသိုလ် ၁၅ ကျောင်း စုစုပေါင်း ၂၉ ကျောင်းကို ပထမအသုတ် အနေနဲ့ ပူးပေါင်းရွေးချယ်ပါမယ်။ ပူးပေါင်းရွေးချယ်မယ်ဆိုတာက ကိုယ့်ကျောင်းကို ဦးစားပေး(၁)အနေနဲ့ လျှောက်ထားခဲ့တဲ့ ကတ်ပြားတွေကို ကိုယ့်ကျောင်းနဲ့ကိုယ့် ကတ်ပြားတွေကိုင်ပြီး အခန်းတစ်ခန်း (သို့မဟုတ်) အဆောင်တစ်ဆောင်မှာစုပြီး တစ်ပြိုင်တည်း ရွေးချယ်မှာဖြစ်ပါတယ်။ ရွေးချယ်တဲ့အခါမှာလည်း တက္ကသိုလ်ဝင်ခွင့်ကတ်ပြားမှာ လျှောက်တဲ့ ပထမဦးစားပေးကစပြီး ရွေးမှာဖြစ်ပါတယ်။ ပထမဦးစားပေးတက္ကသိုလ်ကို ဝင်ခွင့်ရသွားရင်ပြီးသွားပြီ၊ ဒါမှမဟုတ် ပထမဦးစားပေးတက္ကသိုလ်က ပြည့်သွားခဲ့ရင်တော့ ဒုတိယဦးစားပေးဘာလျှောက်ထားသလဲ။ ဒုတိယဦးစားပေးလျှောက်ထားတဲ့ တက္ကသိုလ်ကို စဉ်းစားပေးမယ်၊ စဉ်းစားပေးနိုင်ဖို့ကို တက္ကသိုလ်ဝင်ခွင့်လျှောက်တဲ့ ကတ်ပြားလေးကို ဒုတိယဦးစားပေးလျှောက်တဲ့ တက္ကသိုလ်အဖွဲ့ကို ကတ်ပြားလေးလွှဲပြီးပေးမယ်။ တစ်ခါတည်း ဆက်တိုက်စားပွဲဝိုင်းတစ်ခုတည်းမှာပဲ တစ်ပြိုင်နက်တည်းရွေးမှာ၊ ဒုတိယဦးစားပေးမှာ ဝင်ခွင့်ရသွားရင် ဒုတိယဦးစားပေးတက္ကသိုလ်ဝင်ခွင့်ရသွားမယ်၊ ဒါမှမဟုတ် ဒုတိယဦးစားပေး တက္ကသိုလ်ကလည်း ပြည့်နေပြီဆိုခဲ့ရင်တော့ တတိယဦးစားပေး ဘာလျှောက်သလဲ၊ သူလျှောက်တဲ့ တက္ကသိုလ်၊ လျှောက်တဲ့ဘာသာရပ် ကိုင်တဲ့တက္ကသိုလ်အဖွဲ့ကို တက္ကသိုလ်ဝင်ခွင့် လျှောက်ထားတဲ့ ကတ်ပြားကို လွှဲပြီးပေးမယ်၊ ဦးစားပေး ၁၊ ၂၊ ၃၊ ၄ အစီအစဉ်အတိုင်း၊ ဦးစားပေးအတိုင်း ရွေးမှာဖြစ်ပါတယ်။ သီးခြားရော၊ ဆေးနဲ့ ဆေးပညာ နီးနွယ်တက္ကသိုလ်တွေမှာ ရတဲ့အမှတ်ပေါ်မူတည်ပြီး တက္ကသိုလ်တွေကလည်း လူဦးရေပြည့်သွားပြီဆိုရင်တော့ သူ့ကတ်ပြားကို တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မယ့် တက္ကသိုလ်တွေနဲ့အုပ်စုအဖွဲ့ကို ကတ်ပြားကို လွှဲပေးပြီး ဆက်တိုက်ရွေးချယ်ပေးမှာဖြစ်ပါတယ်။

အဓိကကတော့ ရတဲ့အမှတ်ပေါ်မှာ မူတည်ပြီးတော့ ကျောင်းသားရဲ့စိတ်ဝင်စားတဲ့ ဘာသာရပ်ကို လျှောက်ထားရင် လျှောက်ထားတဲ့အပေါ် မူတည်ပြီးတော့ အစီအစဉ်အလိုက် ရွေးပေးမှာဖြစ်ပါတယ်။ ပထမအသုတ်ရွေးတဲ့အဖွဲ့က ရွေးပြီးသွားရင် ဒုတိယအသုတ်ရွေးမှာဖြစ်ပါတယ်။ ဒုတိယအသုတ်မှာက ကျောင်းအရေအတွက်တွေများတယ်။ ဒုတိယအသုတ်မှာပါဝင်တဲ့ ကျောင်းတွေက စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မုံရွာစီးပွားရေး တက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ တစ်နိုင်ငံလုံးမှာရှိတဲ့ နည်းပညာတက္ကသိုလ်တွေ၊ ကွန်ပျူတာတက္ကသိုလ်တွေ၊ ပညာရေးဒီဂရီကောလိပ်တွေ၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေလည်း အများကြီးပါတဲ့အတွက်ကြောင့် ဒုတိယသုတ်အနေနဲ့ ရွေးပေးရတာဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်တက္ကသိုလ်အနုပညာအသင်းမှ စီစဉ်သည့် ပြဇာတ်နှင့် သရုပ်ဆောင်ခြင်းအနုပညာဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

**ရန်ကုန်တက္ကသိုလ်မှ ထူးချွန်ထက်မြက်သော အနုပညာရှင်များ ပေါ်ထွက်လာရေးအတွက် အနုပညာပျိုးခင်း အစပျိုးခြင်းအနေဖြင့် ရန်ကုန်တက္ကသိုလ်အနုပညာအသင်းမှ စီစဉ်သည့် ပြဇာတ်နှင့် သရုပ်ဆောင်ခြင်းအနုပညာဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။**

အဆိုပါဟောပြောပွဲတွင် အကယ်ဒမီငြိမ်းမင်း(ဇာတ်ညွှန်း) နှင့် လူရွှင်တော်အရိုင်းတို့က အနုပညာရပ်ဆိုင်ရာအကြောင်းအရာများကို ခေါင်းစဉ်အလိုက် ဟောပြောခဲ့ကြသည်။ လူရွှင်တော်အရိုင်းက မျိုးဆက်သစ်များကို ကြိုလင့်ခြင်းခေါင်းစဉ်ဖြင့် ပြဇာတ်၏အပြင်အဆင်၊ မီးအလင်းအမှောင်၊ တေးဂီတ၊ ဇာတ်ဝင်သီချင်း၊ ပါဝင်ကပြသူများ၏ သရုပ်ဆောင်မှုအတတ်ပညာများအကြောင်းကို အဓိကထားဟောပြောခဲ့ပြီး အကယ်ဒမီငြိမ်းမင်း (ဇာတ်ညွှန်း) က စကားလုံးများနှင့် ကခုန်ခြင်းခေါင်းစဉ်ဖြင့် ပြဇာတ်၏တန်ဖိုးရှိသော ယဉ်ကျေးမှုအကြောင်း၊ မြန်မာနိုင်ငံတွင် ပြဇာတ်များအစပျိုးခဲ့မှုအခြေအနေ၊ ပြည်သူလူထု၏ ခံစားမှုကို ထင်ဟပ်စေသော ပြဇာတ်များအကြောင်း၊ ပုဂံခေတ်နံရံဆေးရေးပန်းချီများမှ အစပြုခဲ့သော ပြဇာတ်များအကြောင်း၊ ပြဇာတ်သုံးစကားလုံး အပြောအဆိုအဖွဲ့အနွဲ့များအကြောင်းကို အသေးစိတ် ဟောပြောခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်အနုပညာအသင်းအနေဖြင့် ပြဇာတ်သင်တန်းဖွင့်လှစ်နိုင်ရန် စီစဉ်နေမှုနှင့်ပတ်သက်၍ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးမြမြအေးက "ကျွန်မတို့အသင်းအနေနဲ့က အသင်းသားဟောင်းတွေရဲ့ ပူးပေါင်းပါဝင်ကူညီမှုနဲ့ ကလေးတွေကို နှစ်စဉ် အကသင်တန်းဖွင့်တယ်။ အဆိုသင်တန်းဖွင့်တယ်။ အတီးသင်တန်းမှာဆိုရင် ပတ္တလားတီးတာတို့၊ စောင်းတီးတာတို့ သင်တန်းတွေလည်း ဖွင့်ထားပါတယ်။ ဒီနေ့ဆိုရင် ပြဇာတ်ဟောပြောပွဲလေး လုပ်ပြီးရင်တော့ နောက်ပိုင်း စိတ်ဝင်စားတဲ့ကလေးတွေကို ပြဇာတ်သင်တန်းလေးလည်း ဖွင့်ဖို့ရည်ရွယ်ထားပါတယ်" ဟု ပြောကြားသည်။

**ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိ**

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ်အနုပညာအသင်းအနေဖြင့် ပါဝင်တင်ဆက်သွားနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အကြိုအနေဖြင့် အနုပညာသင်တန်းသားများ သင်တန်းဆင်းပွဲတွင် အနုပညာကပွဲကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။ ရန်ကုန်တက္ကသိုလ်နှစ် ၁၀၀ ပြည့်ပွဲတော်ကျင်းပရန်အတွက် အခြားကော်မတီများနှင့် တွဲဖက်၍ အနုပညာလှုပ်ရှားမှုများ ပြုလုပ်နိုင်ရန် လူအင်အားစုဆောင်းမှုများလည်း စတင်ပြုလုပ်လျက်ရှိသည်။

ဩဂုတ် ၃၀ ရက်တွင် တက္ကသိုလ်ပေါင်းစုံမြန်မာသံစဉ်အဆိုပြိုင်ပွဲတစ်ရပ်ကိုလည်း ရန်ကုန်တက္ကသိုလ်အနုပညာအသင်းအနေဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



ပြဇာတ်နှင့် သရုပ်ဆောင်ခြင်း အနုပညာဟောပြောပွဲ၌ လူရွှင်တော်အရိုင်း ဟောပြောစဉ်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် မြန်မာ့လက်ဝှေ့ မျိုးဆက်သစ် ပြိုင်ပွဲကြီးကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဒုတိယအကြိမ်အဖြစ် နိုင်လင်းထွန်း (Group) မှ စီစဉ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ပြိုင်ပွဲကြီးကို ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါ မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲကြီးတွင် မျိုးဆက်သစ် တွဲဆိုင်း (၁၅) ဆိုင်း ပါဝင်မည်ဟု သိရသည်။ ယှဉ်ပြိုင်မည့် တွဲဆိုင်းများမှာ ထွန်းမင်းလတ် (ထွန်းထွန်းမင်းကလပ်) နှင့် တိုင်းရွှေတံဆိပ်ဆုရှင် ရဲရင့်အောင် (YFC ကလပ်)၊ ပြည်နယ်တိုင်းရွှေတံဆိပ်ဆုရှင် ဆူးမိုက် (ခြင်္သေ့မင်းကလပ်) နှင့် စောရည်ထူး (သတ္တိကလပ်)၊ ဇင်မိုးဟိန်း (RAY ကလပ်) နှင့် ရဲမာန်စိန် (ဇာတိမာန်ကလပ်)၊ စောသဲဦး (ကညောသို့ကလပ်) နှင့် အောင်သူရ (ခြင်္သေ့မင်းကလပ်)၊ အမျိုးသမီးလက်ဝှေ့ကျော် ချယ်ရီမောင် (YFC ကလပ်) နှင့် ပိုးပိုး (ရာဇသိန်ကလပ်) တွဲဆိုင်းများအပြင် ကီလိုဝိတ် အငယ်တန်းများဖြစ်ကြသည့် တွဲဆိုင်း(၁၀)ဆိုင်းတိတိ ပါဝင်မည်ဖြစ်ရာ ဖိုးရာဇာကလပ်၊ ခြင်္သေ့မင်းကလပ်၊ YFC ကလပ်၊ AMT2ကလပ်၊ ကညောသို့ကလပ်၊ တောင်ငူကလပ်၊ ဇာတိမာန်ကလပ်တို့မှ မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ် အားကစားသမားများသည် အဆိုပါကလပ်များကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။

ပွဲစီစဉ်သူ၏ ပြောကြားချက်အရ အဆိုပါပြိုင်ပွဲကို မျိုးဆက်သစ်လက်ဝှေ့ကျော်များ ပေါ်ထွန်းရေးအတွက် ရည်ရွယ်၍ ကျင်းပသည်ဟု သိရှိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

❍ *ကျောဖုံးမှ*

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် ဇူလိုင် ၁ ရက်မှစ၍ လေ့ကျင့်လျက်ရှိပြီး လက်ရှိတွင် ပဏာမကစားသမား ၃၁ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် စခန်းဝင်လေ့ကျင့်အပြီး တစ်ပတ်အကျော်မှာပင် ခြေစမ်းပွဲကစားခြင်းဖြစ်ကာ ပြိုင်ဘက်အသင်းမှာ လက်ရွေးစင်အသင်းဖြစ်သောကြောင့် အတွေ့အကြုံကောင်းများ ရရှိမည့်ခြေစမ်းပွဲလည်း ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ခြေစစ်ပွဲအောင်မြင်ထားသည့် ကစားသမားအများစုဖြင့် ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ ပဏာမလူစာရင်းတွင် ပါဝင်ကာ ဒဏ်ရာကြောင့် ပြန်လည်စေလွှတ်ခဲ့သည့် တိုက်စစ်မှူးမြတ်နိုးခင်ကိုလည်း အသင်းလူစာရင်းတွင် ပြန်လည်ထည့်သွင်းထားသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အောက်တိုဘာ နောက်ဆုံးပတ်တွင် စတင်ကျင်းပမည့် အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲများဆက်တိုက်ကစားမည်ဖြစ်ပြီး စင်ကာပူအသင်းနှင့်ပွဲအပြီးတွင်လည်း နောက်ထပ်ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**-ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ**-ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ**-ဦးကိုကိုအောင်၊ **ဂိုး**- ပိုးဥ၊ ဇူးလတ်နဒီ၊ ခင်မြတ်မိုး၊ စိမ်းလဲ့လဲ့ဦး ၊ **နောက်တန်း**- ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ သဲအိမိုး၊ ကြည်ပြာလင်း၊ နော်ထက်ထက်ဝေ၊ မိုးမမစိုး၊ နှင်းမြသဇင်၊ မေသက်မွန်မြင့်၊ သဇင်အောင်၊ ကေကေ၊ အိအိကျော်၊ **အလယ်တန်း**- ပုံ့ပုံ့ပြည့်မောင်၊ ဝင်းဝင်း ၊ မေဖူးကို၊ မိုးမိုးသန်း၊ ဇင်မာထွေး၊ အေးအေးထွေး၊ ဘွဲ့လျန်ကိန်း၊ **ရှေ့တန်း**- နွယ်နီဝင်း၊ စန်းသော်သော်၊ ဆုပြည့်ပြည့်ကျော်၊ လင်းမြင့်မိုရ်၊ လင်းလဲ့ဦး၊ အေးမြတ်ခိုင်၊ ဆွေမာအောင်၊ မြတ်နိုးခင်နှင့် အိစန္ဒာဇော်တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၁၄) ထုတ်ဝေဖြန့်ချိ




**နေပြည်တော် ဇူလိုင် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ (၁၆)၊ အမှတ် (၁၄) ကို ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ထုတ်ဝေဖြန့်ချိမည်ဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် "မမေ့အပ်သော အာဇာနည်နေ့၊ ဝါဆိုကာလ ထူးမြတ်လှဒါန သီလဆောက်တည်ကြ၊ နဂါးမောက်သီးစိုက်ပျိုးရေးအကြောင်း တစေ့တစောင်း၊ တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေတွေ ဘာကြောင့်ကြွေးကျန်ရသလဲ၊ ဘဲရောဂါများကာကွယ်ရန်နှင့် ဘဲများကို သေစေနိုင်သောရောဂါများ၊ နေ့စဉ် ဝမ်းချုပ်ခြင်းမဖြစ်စေရန် ဂရုပြုကာကွယ်၊ ဆရာကြီးလယ်တွင်းသားစောချစ်၏ ဒုတိယအရွယ် အခန်းဆက်ဝတ္ထုရှည်" အပါအဝင် အထူးဆောင်းပါး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သုတ/ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ ကျေးလက်ဟာသများ၊ အနုပညာ၊ အားကစား၊ နိုင်ငံတကာသတင်း၊ မှုခင်းသတင်းများနှင့် မိုးလေဝသသတင်းများကို စုံလင်စွာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို တစ်စောင်လျှင် ၂၀၀ ကျပ်နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဖရိကဖလား ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ် တူနီးရှားတို့ မာဒါဂါစကာကို ဂိုးပြတ်အနိုင်ရ

**ကိုင်ရို ဇူလိုင် ၁၂**

၂၀၁၉ အာဖရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်များမှ နောက်ဆုံးပွဲစဉ်အဖြစ် မာဒါဂါစကာနှင့် တူနီးရှားတို့သည် ဇူလိုင် ၁၂ရက် သောကြာနေ့ နံနက်ပိုင်းက ကိုင်ရိုမြို့ရှိ အေအယ်ဆာလမ်ကွင်းကြီးတွင် ယှဉ်ပြိုင်ကစားခဲ့ရာ တူနီးရှားအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ပထမပိုင်းပြီးချိန်ထိ ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ပွဲချိန် ၅၂မိနစ်တွင် ဖာဂျာနီဆက်ဆီက တူနီးရှားအတွက် အဖွင့်ဂိုးသွင်းယူခဲ့ကာ မိနစ် ၆၀တွင် အမ်ဆက်ခ်နီနှင့် မိနစ် ၉၀ တွင် ဆလီတီ တို့က တူနီးရှားအတွက် အနိုင်ဂိုးများ သွင်းယူပေးခဲ့သည်။

အာဖရိကဖလား ကွာတားဖိုင်နယ် ပွဲစဉ်ရလဒ်များအဖြစ် ဆီနီဂေါက ဘီနင်ကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး နိုင်ဂျီးရီးယားက တောင်အာဖရိကကို နှစ်ဂိုး-တစ်ဂိုးနှင့် အယ်လ်ဂျီးရီးယားက အိုင်ဗရီကို့စ်ကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အကြိုဗိုလ်လုပွဲသို့ တူနီးရှား၊ ဆီနီဂေါ၊ အယ်လ်ဂျီးရီးယားနှင့် နိုင်ဂျီးရီးယားတို့ တက်ရောက်ခဲ့ပြီး ဇူလိုင် ၁၄ရက် တနင်္ဂနွေနေ့ ည ၁၀နာရီခွဲတွင် ဆီနီဂေါနှင့် တူနီရှားတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယနေ့ပွဲစဉ်ကို ဇူလိုင် ၁၅ရက် တနင်္လာနေ့ နံနက် ၁နာရီခွဲတွင် အယ်လ်ဂျီးရီးယားနှင့် နိုင်ဂျီးရီးယားတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။


၂၀၁၉ အာဖရိကဖလား ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် အီဂျစ်နိုင်ငံတွင် ကျင်းပခဲ့ရာ အကြိုဗိုလ်လုပွဲသို့ ရောက်ရှိခဲ့ပြီး တတိယနေရာလုပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်ကာ နောက်ဆုံးဗိုလ်လုပွဲကြီးကို ဇူလိုင် ၂၀ရက် စနေနေ့ နံနက် ၁နာရီခွဲတွင် ကိုင်ရိုမြို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**သီဟ**

# ထိန်းသိမ်းစစ်ဆေးမှုများ ဆောင်ရွက်စဉ် သေဆုံးမှုအချို့နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းစစ်ဆေးဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၁၂**

ရခိုင်ပြည်နယ် မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ ကျောက်တော်မြို့နယ်များရှိ ကျေးရွာအချို့မှ AA အဖွဲ့နှင့်ဆက်နွှယ်ပတ်သက်သူနှင့် သံသယရှိသူများကို ထိန်းသိမ်းစစ်ဆေးစဉ် သေဆုံးမှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အမှုမှန်ပေါ်ပေါက်စေရန် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်က စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ပန်းမြောင်းကျေးရွာ၊ မြောက်ဦးမြို့နယ်ရှိ လက္ကာကျေးရွာ၊ ရသေ့တောင်မြို့နယ်ရှိ ကျောက်တန်းကျေးရွာ၊ ကျောက်တော်မြို့နယ်ရှိ မင်းသားတောင်ကျေးရွာနှင့် မြောက်ဦးမြို့နယ်ရှိ ဝေသာလီဆုတောင်းပြည့်ဘုရားအနီးဒေသများမှ AA အဖွဲ့နှင့်ဆက်နွှယ်ပတ်သက်သူ၊ ဆက်နွှယ်ပတ်သက်သူဟု သံသယရှိသူများကို ထိန်းသိမ်းစစ်ဆေးမှုများဆောင်ရွက်စဉ် သေဆုံးမှုအချို့ဖြစ်ပေါ်ခဲ့ရာ ယင်းသေဆုံးမှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အမှုမှန်အတိုင်း ပေါ်ပေါက်စေရန် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်က တပ်မတော် နည်းဥပဒေ ၁၇၆ နှင့်အညီ ယနေ့မှစ၍ စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြို့နယ်များ၌ မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းကာကွယ်ရေး အသိပညာပေး



**မူကြိုကလေးများ၏ မိဘများအား သက်ငယ်မုဒိမ်းကြိုတင်ကာကွယ်ရေး ဟောပြောစဉ်။**

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၃ နာရီက အသင်းရုံးဝင်းအတွင်း ဖွင့်လှစ်ထားသော မေတ္တာစမ်းရေအသင်းပိုင် မူလတန်းကြိုကျောင်းတွင် မူကြိုကလေးငယ်များ၏ မိဘများကို ဖိတ်ကြား၍ သက်ငယ်မုဒိမ်းကြိုတင်ကာကွယ်ရေးပညာပေးဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မူကြိုကလေးငယ်များ၏ မိဘ၊ အုပ်ထိန်းသူ ၉၀ တက်ရောက်ခဲ့ပြီး အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က သက်ငယ်မုဒိမ်းကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရန်လိုအပ်သည်များနှင့် သတိပြုလိုက်နာရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ကွမ်းခြံကုန်း**

ဇူလိုင် ၁၂ ရက်က ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ အစိုးရနည်းပညာအထက်တန်းကျောင်း၌ မှုခင်းဆိုင်ရာ သိကောင်းစရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသူက လည်းကောင်း၊ ယာဉ်/လမ်းစည်းကမ်းလိုက်နာရေးကို အမှတ် (၅၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲ-ဒုတပ်ကြပ် အောင်ကျော်ဆန်းက လည်းကောင်း၊ ရာသီတုပ်ကွေး (H1N1) ကာကွယ်နိုင်ရန်အတွက် လက်ခုပ်ကုန်းတိုက်နယ်ဆေးရုံဆရာဝန်ကြီး ဒေါက်တာ ဖြိုးသီဟမော်တို့က လည်းကောင်း ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများကို ပညာပေးဟောပြောခဲ့သည်။ **သက်ထက်ကို**

**သဃ်န်းကျွန်း**

ဇူလိုင် ၁၁ ရက်က သဃ်န်းကျွန်းမြို့နယ်သို့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးယာဉ်ကြီးရောက်ရှိလာရာ အ.ထ.က(၄)ကျောင်းလမ်းထိပ်တွင် လည်းကောင်း၊ လေးထောင့်ကန်လမ်း Shining Flowers မူကြိုကျောင်းရှေ့တွင် လည်းကောင်း ရပ်တန့်၍ ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများအား မှုခင်းအကြောင်း သိကောင်းစရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကောင်းနိုင်က မှုခင်းပြကွက်များဖြင့် ပညာပေးဟောပြော၍ တပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

**သျှင်ဝင်းသျှင်**



**ကြည့်မြင်တိုင်**

ကြည့်မြင်တိုင်မြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် ဟောပြောပွဲကို ဇူလိုင် ၁၁ ရက်က သရက်တော(မြောက်) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ ကြည့်မြင်တိုင်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းညွန့်က ရပ်ကွက်ပြည်သူများအား ဟောပြောခဲ့သည်။

**တင်ဝင်းလေး**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**

မူးယစ်တပ်ဖွဲ့စု (၈) မုံရွာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက် ညပိုင်းက မုံရွာမြို့ ကံသာဦး ရပ်ကွက် သုခလမ်းရှိ မချိုချိုသင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၃၂ ပြား၊ ဘိန်းဖြူ ၂ ဒသမ ၆၅ ဂရမ်၊ ငွေကျပ် သုံးသိန်းနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် နောင်ဖာရဲကင်းရှေ့ လမ်းပေါ်တွင် ဂျော်နီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၇၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ည ၁၀ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာငံမြို့နယ် ကျောက်ကူပြင်ကျေးရွာ ရှာငံ - ကျောက်ဆည်ကားလမ်းတွင် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် ထွက်ပြေးသွားသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၄ ဒသမ ၇ ကီလိုကို လည်းကောင်း။

အလားတူ ညနေ ၅ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-ကောင်းခါးကားလမ်း ခိုလုံကျေးရွာအဝင်လမ်း၌ မကော့နူး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၂၄၂ ဂရမ်နှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာအဝင်လမ်း၌ ဖာဆုံး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ နှင့် ဖုန်းတစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# လှိုင်သာယာမြို့နယ်အတွင်း ဆိုင်ကယ်ခုနစ်စီးခိုးယူသူအား ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင်လပထမပတ်က လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာ သာယာအေးလမ်းမပေါ်တွင် ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ရဲထက်နိုင် (ခ) နဂါးလေးကို ၎င်းကိုင်ဆောင်ထားသော ဖုန်းတစ်လုံးနှင့်ပတ်သက်၍ စစ်မေးရာ ၂၀၁၈ ခုနှစ် မေလအတွင်း လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာအတွင်းရှိ နေအိမ်တစ်အိမ်မှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ရဲထက်နိုင် (ခ) နဂါးလေးကို ထပ်မံစစ်ဆေးရာ ၎င်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း လှိုင်သာယာမြို့နယ်အတွင်းမှ ဆိုင်ကယ်မျိုးစုံခုနစ်စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ ရဲထက်နိုင် (ခ) နဂါးလေးကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



**ရဲထက်နိုင် (ခ) နဂါးလေး သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။**

# မင်းတုန်းမြို့နယ်တွင် ကူးတို့စက်လှေတိမ်းမှောက်၍ ကျောင်းသူလေးဦး ပျောက်ဆုံးနေ

**မင်းတုန်း ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ အမှတ်(၁)ရပ်ကွက် ကူးတို့ဆိပ်မှ ဇာနည်အောင် မောင်းနှင်ပြီး ကျောင်းသားကျောင်းသူများ အပါအဝင်ခရီးသည် ၁၈ ဦး တင်ဆောင်လာသော စက်လှေသည် ပေါက်ကိုင်းကျေးရွာဘက်သို့ မောင်းနှင်လာစဉ် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က မင်းတုန်းချောင်းနှင့် မူးချောင်းဆုံနေရာအရောက်တွင် တိမ်းမှောက်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် စက်လှေပေါ်ပါသူများရေစီးဖြင့် မျောပါသွားခဲ့ရာ အချို့မှာကမ်းဘက်ကူးနိုင်ခဲ့ကြသည်။ အချို့မှာ ရေစီးဖြင့် ဆက်လက်မျောပါသွားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးခင်ဇော်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်ရာ ကူဖြူကျေးရွာနှင့် ပြောင်းပြာကျေးရွာအနီးတို့တွင် ကျောင်းသားတစ်ဦးနှင့် ကျောင်းသူသုံးဦး ကယ်ဆယ်နိုင်ခဲ့ပြီး ကျောင်းသူလေးဦး ပျောက်ဆုံးလျက် ရှိသည်။

အဆိုပါ ကျောင်းသားကျောင်းသူများမှာ မင်းတုန်းမြို့ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသူများဖြစ်ပြီး ကျောင်းပိတ်၍ မိမိရွာသို့ပြန်လာကြခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းကလေး(မင်းတုန်း)**

# ယာဉ်မောင်း အိပ်ငိုက်ကာ ၂၂ ဘီးယာဉ် ရေမြောင်းအတွင်းထိုးကျ

**ရေတာရှည် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက်အထွက် ညောင်ပင်သာကျေးရွာအနီး၌ ဇူလိုင် ၁၂ ရက် နံနက် ၄ နာရီခန့်က ယာဉ်မောင်း အိပ်ငိုက်ကာ ၂၂ ဘီးယာဉ်တစ်စီး ရေမြောင်းထဲသို့ ထိုးကျသွားကြောင်း သိရသည်။

ယာဉ်မတော်တဆမှု ဖြစ်ကြောင်း သတင်းအရ ရေတာရှည်မြို့မ ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်မျိုးဇော်ထက်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှ မြောက်သို့ ရန်ကုန်မြို့ ဒလမြို့နယ်နေသူ စည်သူအောင် (၂၉ နှစ်) သည် 2 N/---- ၂၂ ဘီးယာဉ်ပေါ်တွင် သံချောင်းများ တင်ဆောင်မောင်းနှင်လာစဉ် အိပ်ငိုက်ကာ မိုင်တိုင် ၁၇၇/၅ အရောက် လမ်းအရှေ့ဘက်ရှိ ရေမြောင်းအတွင်းသို့ ထိုးကျသွားကြောင်း သိရ၍ ရေတာရှည် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မိုင်းဖြတ်၌ နေအိမ်တစ်လုံး မီးလောင်

**မိုင်းဖြတ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ရှေခင်(၁)ကျေးရွာ၌ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက အင်ဗာတာဖြင့် ဘက်ထရီအိုးအားသွင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှုကြောင့် နေအိမ်တစ်လုံး ဆုံးရှုံးသွားကြောင်း သိရသည်။

မိုင်းဖြတ်မြို့နယ် ရှေခင်(၁)ကျေးရွာနေ ဦးကျာအူ (၅၄ နှစ်)သည် အင်ဗာတာဖြင့် ဘက်ထရီအိုး အားသွင်းပြီး ယာခင်းသို့ သွားနေစဉ် မီးလောင်ခဲ့ခြင်းဖြစ်ကာ ရွာသူရွာသားများက ပူးပေါင်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ဝါးကြမ်းခင်း၊ ဝါးကပ်ကာ၊ သွပ်မိုးခြေတိုင်ရှည် နေအိမ်တစ်လုံးပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၃-၇-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၁၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း (၂)**
- ၈း၃၅ - “ရှေးဟောင်းယဉ်ကျေးမှု အမွေပုဂံမြေ”
- ၁၂း၁၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သော မိန့်ခွန်း (၃)**
- ၁၂း၃၅ - လျှပ်စစ်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်
- ၁၄း၂၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခြင်းဖြစ်ပွားသည်ကို သံသယ ရှိ၊ သိရှိပါက

**ညပိုင်း**

- ၁၅း၁၅ - "MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် " (Southern Myanmar FC Vs Rakhine United FC)
- ၁၈း၂၀ - “ဗိုလ်ချုပ်အောင်ဆန်း၏ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဈာပန”
- ၁၉း၁၅ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၄)**
- ၁၉း၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၁၁၈) (ဇာတ်သိမ်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၁၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း (၁)**
- - လျှပ်စစ်ဘေးအန္တရာယ်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့(ရုပ်ကွက်)
- - “မြန်မာ့အမွေအနှစ်ပုဂံမြေက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ပြီ ”
- - ရာဇဝင်ထဲက သမိုင်းအနုပညာ

# ပါကစ္စတန်တွင် ရထားနှစ်စင်းတိုက်မှုကြောင့် သေဆုံးသူ ၂၃ ဦးအထိရှိလာ

**လာဟိုး ဇူလိုင် ၁၂**

ပါကစ္စတန်အလယ်ပိုင်း၌ ဇူလိုင် ၁၂ ရက်ကဖြစ်ပွားသော ရထားတိုက်မှုတွင် လူအတော်များများ ဒဏ်ရာရရှိခဲ့ပြီး ရရှိသောဒဏ်ရာများဖြင့်ပင် သေဆုံးသူဦးရေ ၂၃ ဦးအထိ မြင့်တက်လာကြောင်း အရာရှိများက ပြောသည်။

အဆိုပါရထားတိုက်မှုသည် ပန်ဂျပ်ပြည်နယ် ရာဟင်ရာခန်ဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လာဟိုးအရှေ့ပိုင်းမြို့တစ်မြို့မှ ခုတ်မောင်းလာသော လူစီးရထားသည် ရထားလမ်းဖြတ်တစ်နေရာတွင် ရပ်ထားသော ကုန်တင်ရထားကို ဝင်ရောက်တိုက်မိရာမှ ယခုကဲ့သို့ ဝမ်းနည်းဖွယ်သေဆုံးဒဏ်ရာရမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးရ သတင်းအချက်အလက်များအရ သေဆုံးသူဦးရေမှာ ၂၃ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ပါကစ္စတန် အဆင့်မြင့်ရထားရဲအရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ရထားတိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၇၃ ဦးကိုလည်း ကုသပေးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ကယ်ဆယ်ရေးသမားများသည် ရထားတိုက်မှုတွင် သေဆုံးသူများ၏ ရုပ်အလောင်းများကို ဆွဲထုတ်ခဲ့ရသကဲ့သို့ ဒဏ်ရာရနေသူများကိုလည်း ဆွဲထုတ်ကယ်ဆယ်ခဲ့ရကြောင်း အခြားရထားရဲအရာရှိတစ်ဦးက ပြောသည်။

ရထားတိုက်မှု ဖြစ်ပွားခဲ့သဖြင့် ကစဉ့်ကလျားဖြစ်နေသော ရထားလမ်းကို ယခုအမြန်ရှင်းလင်းနေရကြောင်း ၎င်းက ဆက်လက်ပြောသည်။ ထို့အပြင် ရထားတိုက်မိမှုဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် အမိန့်ထုတ်ပြန်ထားကြောင်းလည်း ၎င်းက ပြောသည်။

ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်က ရထားဝန်ကြီးအား ဆယ်စုနှစ်ကြာဟောင်းနေသော ရထားလမ်းပိုင်းများကို အရေးပေါ် အဆင့်များသတ်မှတ်ကာ အမြန်ဆုံးပြင်ဆင်နိုင်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ ပါကစ္စတန်တွင် ရထားတိုက်မိမှုများသည် ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်စဉ်များဖြစ်သည်။ ပါကစ္စတန်တွင် အကျင့်ပျက်ခြစားမှုကြောင့် ဆယ်စုနှစ်ချီကြာ ယိုယွင်းနေသော ရထားလမ်းအခြေအနေများ၊ လွဲမှားစွာစီမံခန့်ခွဲမှုများနှင့် ရင်းနှီးမြှုပ်နှံမှုမရှိခြင်းတို့ကြောင့် ယခုလို ရထားတိုက်မှုများဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ပါကစ္စတန်တွင် ရထားတိုက်မှု ဖြစ်ပွားစဉ်။

# တရုတ်နိုင်ငံက အမေရိကန်စိုက်ပျိုးရေးထွက်ကုန်များကို ဝယ်ယူရန်ပျက်ကွက်သည်ဟု ထရမ့်ပြော

**ဝါရှင်တန် ဇူလိုင် ၁၂**

သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံသည် အမေရိကန် စိုက်ပျိုးရေးထုတ်ကုန်များကို ဝယ်ယူရန် ပေးထားသောကတိပျက်ကွက်သည်ဟု ယမန်နေ့က တွစ်တာမှတစ်ဆင့် စွပ်စွဲပြောကြားလိုက်သည်။

ယခုကဲ့သို့ စွပ်စွဲပြောကြားမှုသည် နှစ်နိုင်ငံကုန်သွယ်ရေးကိုယ်စားလှယ်များ မေလအတွင်းက ပျက်လုနီးပါးဖြစ်ခဲ့သည့်ဆွေးနွေးပွဲ ပြန်လည်စတင်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လွန်ခဲ့သည့်လက တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတွင် တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆွေးနွေးပွဲပြန်လည်စတင်ချိန်တွင် ရန်စသည်များကိုလည်း ချုပ်တည်းရန် သဘောတူခဲ့ကြောင်း သိရသည်။

မက္ကဆီကိုနိုင်ငံက နယ်စပ်အရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်နေသည်များက ကောင်းမွန်နေသော်လည်း တရုတ်နိုင်ငံက မိမိတို့၏ လယ်သမားကြီးများထံမှ ဝယ်မည်ဟု ပြောကြားခဲ့သည့် စိုက်ပျိုးရေးထွက်ကုန်များအပေါ် စိတ်ပျက်အောင်လုပ်နေသည်ဟု ထင်မြင်မိကြောင်း၊ သို့မဟုတ်ပါကလည်း သိပ်မကြာခင် ဝယ်ယူလိမ့်မည်ဟု မျှော်လင့်ရကြောင်း အမေရိကန်သမ္မတ ထရမ့်က တွစ်တာတွင် ရေးသားဖော်ပြထားသည်။

တရုတ်ကုန်ပစ္စည်းများအပေါ် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ တန်ဖိုးရှိသည့် အခွန်စည်းကြပ်မှုများ မလုပ်တော့ကြောင်း၊ အပြန်အလှန်အနေဖြင့် အမေရိကန်ထွက် အစားအသောက်နှင့် စိုက်ပျိုးရေးထွက်ကုန်ပမာဏ အမြောက်အမြားကို ဝယ်ယူမည်ဖြစ်ကြောင်း ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲအပြီးတွင် အမေရိကန်သမ္မတ ထရမ့်က ကြေညာခဲ့သည်။

သမ္မတထရမ့်သည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးလိုငွေပြနေမှုကို လျှော့ချရန် ရည်ရွယ်ထားကြောင်း သိရသလို တရုတ်နိုင်ငံသည် အမေရိကန်နည်းပညာများကို ခိုးယူနေသည်ဟုလည်း စွပ်စွဲပြောကြားထားသည်။

လွန်ခဲ့သည့်နှစ်ကတည်းက နှစ်နိုင်ငံကြား အပြန်အလှန်အခွန်တိုးမြှင့်ကောက်ခံသည့် တန်ဖိုးပမာဏသည် ယခုဆိုလျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၆၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

# ရုရှားမှ အက်စ် ၄၀၀ ဒုံးကျည်စနစ် တူရကီသို့ ပထမဆုံးအကြိမ်ပေးပို့

**အန်ကာရာ ဇူလိုင် ၁၂**

တူရကီနိုင်ငံသည် ရုရှားမှ အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်ကို သောကြာနေ့တွင် ပထမဆုံးအကြိမ်အဖြစ် လက်ခံရရှိခဲ့သည်ဟု တူရကီကာကွယ်ရေးဝန်ကြီးက ပြောသည်။ နေတိုးမဟာမိတ်နိုင်ငံဖြစ်သည့် အမေရိကန်က တားမြစ်နေသည့်ကြားမှ ထိုသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အက်စ်၄၀၀ တာဝေးပစ်လေကြောင်းကာကွယ်ရေးစနစ်သည် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် အန်ကာရာလေဆိပ်သို့ ရောက်ရှိလာခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်မှုတွင် ပါရှိသည်။ တူရကီနိုင်ငံက ရုရှားဒုံးကျည်စနစ်ကို ဝယ်ယူခဲ့လျှင် နောက်ဆက်တွဲအကျိုးဆက်အဖြစ် ဆိုးရွားသည့်ရလဒ်များ လက်ခံရရှိလိမ့်မည်ဖြစ်ကြောင်း လွန်ခဲ့သည့်သီတင်းပတ်တွင် အမေရိကန်က သတိပေးခဲ့သည်။ သို့သော် တူရကီက နောက်မဆုတ်ဘဲ ဆက်လက်လုပ်ဆောင်ခဲ့သည့်အတွက် အမေရိကန်နှင့် ဆက်ဆံရေးတင်းမာလာဖွယ်ရှိသည်။

အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ရုရှားမှ လေယာဉ်ဖြင့် ပေးပို့ခဲ့ခြင်းဖြစ်သည်။ အမေရိကန်၏ ပိတ်ဆို့မှုအက်ဥပဒေအား တူရကီခံစားရဖွယ်ရှိသည်ကိုလည်း တူရကီအာဏာပိုင်များ သတိထားသင့်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ အမေရိကန်သည် ၎င်း၏ အက်ဖ် ၃၅ ဂျက်လေယာဉ်အစီအစဉ်မှ တူရကီကို ဖယ်ရှားမည်ဟုလည်း ခြိမ်းခြောက်ခဲ့သည်။ တူရကီနိုင်ငံကို ဇူလိုင် ၃၁ ရက်အထိ အမေရိကန်က အချိန်ပေးထားပြီး ယင်းအချိန်အတွင်း ရုရှားမှ အက်စ် ၄၀၀ ဒုံးကျည်စနစ် ဝယ်ယူမှုကို ဖျက်သိမ်းရမည်ဖြစ်သည်။ ထိုသို့မပြုလုပ်ပါက အမေရိကန်ရှိ အက်ဖ် ၃၅ ဂျက်လေယာဉ် လေ့ကျင့်ရေးအစီအစဉ်ကို ဖျက်သိမ်းမည်ဖြစ်ပြီး တူရကီပိုင်းလေ့ များကိုလည်း အမေရိကန်နိုင်ငံအတွင်းမှ နှင်ထုတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည်။

**အေအက်ဖ်ပီ**



တူရကီသို့ရောက်ရှိလာသည့် အက်စ် ၄၀၀ ဒုံးကျည်စနစ်။

# လာအိုနိုင်ငံတွင် လွန်ခဲ့သည့် ၂၅ နှစ်တာကာလအတွင်း ကလေးမွေးဖွားစဉ် မိခင်သေနှုန်းလျော့ကျ

**ဗီယင်ကျန်း ဇူလိုင် ၁၂**

လာအိုနိုင်ငံတွင် လွန်ခဲ့သည့် ၂၅ နှစ်တာကာလအတွင်း ကလေးမွေးဖွားစဉ် မိခင်သေဆုံးမှု လျော့ကျလာပြီး သားဖွားဆရာမ ၂၅၀၀ အထိ မြင့်လာကြောင်း ဒေသတွင်းသတင်းစာတွင် ဖော်ပြထားသည်။

၁၉၉၄ ခုနှစ် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပသည့် နိုင်ငံပေါင်း ၁၇၉ နိုင်ငံပါဝင်သည့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာညီလာခံ လုပ်ငန်းစီမံချက်၏ သိသာထင်ရှားသည့်အောင်မြင်မှုဟု ပြောရမည်ဖြစ်ကြောင်း ဗီယင်ကျန်းတိုင်းမ် သတင်းစာတွင် ဇူလိုင် ၁၂ ရက်က ဖော်ပြထားသည်။ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကမ္ဘာ့လူဦးရေအစီအစဉ်တို့က ပူးပေါင်းပြီး ဇူလိုင် ၁၁ ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို ကျင်းပခဲ့သည်။ လာမည့်အနာဂတ်တွင် မည်သို့ဆက်လက်ဆောင်ရွက်မည်နည်းနှင့် အောင်မြင်မှုရရှိရေး ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို ဆွေးနွေးရန် အဆိုပါအခမ်းအနားတွင် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြသည်။ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျေးလက်နေပြည်သူများ ပညာသင်ကြားခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့တွင် အခွင့်အရေးတန်းတူရရှိရေးကို အလေးပေးပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၅ နှစ်တာကာလတွင် လာအိုနိုင်ငံသည် အောင်မြင်မှုရရှိနေပြီဖြစ်သော်လည်း လာအိုနိုင်ငံတွင် စိန်ခေါ်မှုအချို့ ရှိနေသေးကြောင်း၊ အာဆီယံတိုင်းပြည်များနှင့်ယှဉ်လျှင် မိခင်သေနှုန်းမြင့်နေဆဲဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။ အချို့သောဒေသများတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့်လည်း ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာအခွင့်အလမ်းများ နှောင့်နှေးကြန့်ကြာရသည်။

**ဆင်ဟွာ**

# သိမ်းဆည်းထားသည့် ရေနံတင်သင်္ဘောကို ဗြိတိန်မှပြန်လွှတ်ပေးရန် အီရန်တောင်းဆို

**တီဟီရန် ဇူလိုင် ၁၂**

ဗြိတိန်ပိုင်နယ်မြေဖြစ်သည့် ဂျီဘရော်လ်တာတွင် ဖမ်းဆီးခံခဲ့ရသည့် အီရန်ရေနံတင်သင်္ဘောကို ပြန်လွှတ်ပေးရန် အီရန်ကတောင်းဆိုခဲ့ပြီးနောက် နောက်ဆက်တွဲတွေ့ကြုံရမည့် အခြေအနေများကိုပါ သတိပေးခဲ့သည်။ အီရန်ရေနံတင်သင်္ဘောမှာ အီးယူအဖွဲ့ကြီး၏ သတ်မှတ်ချက်များကိုချိုးဖောက်ကာ ဆီးရီးယားသို့ ရေနံများပို့ဆောင်နေသည်ဟု သံသယရှိသည့်အတွက် လွန်ခဲ့သည့်သီတင်းပတ်အတွင်း ဂျီဘရော်လ်တာအာဏာပိုင်များက လမ်းမှ ကြားဖြတ်ဟန့်တားခဲ့သည်။

ထို့နောက် သင်္ဘောရေယာဉ်မှူးနှင့် အမှုထမ်းများအားလုံးကို ဖမ်းဆီးခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဘတ်စ်မိုဆာဗီက အဆိုပါသင်္ဘောမှာ ဆီးရီးယားသို့ ဦးတည်နေခြင်းမဟုတ်ဟု နိုင်ငံပိုင်သတင်းအေဂျင်စီမှတစ်ဆင့် ပြောကြားခဲ့သည်။ အမေရိကန်၏ဖိအားများကြောင့် ဗြိတိန်သည် အဆိုပါသင်္ဘောကို သိမ်းယူခြင်းဖြစ်ကြောင်း နောက်ဆက်တွဲအနေဖြင့် အန္တရာယ်ရှိသည့် ကစားပွဲတစ်ခုဖြစ်လာလိမ့်မည်ဟုလည်း သတိပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရေကြီးရေလျှံမှုများကြောင့် ပြည်သူများ ဘေးလွတ်ရာရွှေ့ပြောင်းနေရပြီး ကျောင်းအချို့ ပိတ်ထားရ

**မြစ်ကြီးနား**

ကချင်ပြည်နယ်အတွင်း မြစ်ကြီးနားခရိုင်နှင့် ပူတာအိုခရိုင်အတွင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်အချို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် အခြေအနေများကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်စစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနား-နမ္မတီးသွားလမ်းပေါ်ရှိ နန်းကွေ့ချောင်းတံတားအနီးတွင် လမ်းရေကျော်မှုကြောင့် ခရီးအခြေအနေ၊ ပမ္မတီး ရေကြည်ရပ်ကွက်အတွင်း ဧရာဝတီမြစ်ရေဝင်မှု အခြေအနေ၊ မြို့သစ်ကြီးရပ်ကွက်အတွင်း ရေဝင်မှု အခြေအနေနှင့် ဇီးလွန်ရပ်ကွက်အတွင်း ယနေ့နံနက်ပိုင်း မြစ်ရေဝင်မှုကြောင့် လယ်ကုန်းဗက်လင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ရပ်ကွက်အတွင်းရှိ ရေဘေးသင့်မိသားစုများ ရွှေ့ပြောင်းနေထိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ရေကြီးမှုဖြစ်စဉ်ကြောင့် ရေဘေးသင့်မိသားစုများအား နေထိုင်စားသောက်မှုအဆင်ပြေစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရေးနှင့် ရေကျသွားသည့်အခါတွင် ဆောင်ရွက်ထားရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ကြိုတင်စီစဉ်ဆောင်ရွက်ထားရေး ဌာနဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က လုပ်ငန်းကော်မတီအသီးသီးအနေဖြင့် ပိုမိုကောင်းမွန်သည့် ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မြစ်ရေကြီးမှုဖြစ်စဉ်အတွက် ရေတားတာပေါင်၊ ရေထိန်းတမံများဖြင့် ကြိုတင်ကာကွယ်နိုင်ရေးအစီအမံများ စနစ်တကျရေးဆွဲ၍ ဆောင်ရွက်ထားကြရန်လိုကြောင်း မှာကြားသည်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များ ရေလျှံနေမှုအခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ပြည်နယ်သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဦးနေဝင်းက ရေဘေးသင့်ပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ကာကွယ်စောင့်ရှောက်မှုနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းကော်မတီအသီးသီးက ပြည်နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်စဉ်အခြေအနေများနှင့် ကယ်ဆယ်ရေးလုပ်ငန်း၊ ယာယီစခန်းများဖွင့်လှစ်၍ အစားအသောက်များ ထောက်ပံ့ပေးနေမှုအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ကချင်ပြည်နယ်အတွင်း လက်ရှိအချိန်အထိ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကြီးနားခရိုင်အတွင်း မြစ်ကြီးနားမြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် တီယန်ဇုပ်၊ စံကင်း၊ ဟိုကပ်၊ ဆင်ဘိုဒေသတို့တွင် အိမ်ထောင်စုပေါင်း ၆၄၇ စု ရေဘေးသင့်လျက်ရှိပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာအချို့နှင့် တနိုင်းမြို့တို့တွင်လည်းကောင်း၊ ပူတာအိုခရိုင်အတွင်း၌လည်းကောင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**ရန်ကုန်**

သန်လျင်မြို့နယ်တွင် ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းက ရွာသွန်းသောမိုးကြောင့် လမ်းမကြီးတချို့နှင့် လူနေအိမ်တချို့ ရေဝင်မှုဖြစ်ခဲ့သည်။

အဆိုပါ ရွာသွန်းသောမိုးကြောင့် ဗိုလ်ချုပ်နေဝင်းလမ်း၊ ဖို့မြေလမ်း၊ သတိပဋ္ဌာန်လမ်းမကြီးတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်တချို့အတွင်းသို့ ရေဝင်မှုဖြစ်ခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

**မင်းပြား**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ ဇူလိုင်လဆန်းမှစတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေးမြို့မြစ်၌ တောင်ကျချောင်းရေများ ပိုမိုကျဆင်းလျက်ရှိသည်။

အဆိုပါ လေးမြို့မြစ်ရေတိုးလာမှုနှင့် လပြည့်ရက်နီးကပ်လာမှုကြောင့် မြစ်ချောင်းများ၌ ဒီရေမြင့်တက်လာကာ ရေကြီးနစ်မြုပ်မှုများ ဇူလိုင် ၁၁ ရက်မှစပြီး ဖြစ်ပေါ်လျက်ရှိရာ လေးမြို့မြစ်ဖျားခံရာ ပန်းမြောင်းကြီးချောင်း၊ ဖုံသာချောင်းဝဲယာရှိ ပြင်ယောင်း၊ အိုးပျဉ်တောင်၊ မင်းဖူး၊ စပါးထား၊ ကျောက်မော်စသည့် ကျေးရွာ ၁၁ ရွာနှင့် မြို့ပေါ်ရပ်ကွက် မြေနိမ့်ပိုင်းဒေသများ၌ ရေကြီးနစ်မြုပ်လျက်ရှိရာ အဆိုပါကျေးရွာများရှိ ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရန် ဘေးလွတ်ရာဘုန်းကြီးကျောင်းများသို့ ကြိုတင်ပြောင်းရွှေ့နိုင်ရန် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းငြိမ်းနိုင် ဦးဆောင်ပြီး သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ရပ်/ကျေး ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်လျက်ရှိပြီး မြစ်ရေအခြေအနေကို အမြဲမပြတ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ခန္တီးမြို့နယ် ဆင်သေ-လက်ဖက်ခင်းကျေးရွာချင်းဆက်တံတား ရေကျော်နေမှုကို တွေ့ရစဉ်။

**လိုင်လင်းပီ**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ်အတွင်းရှိ လိုင်လင်းပီမြို့အနီး မာလာရွာနှင့် ပလက်ဝမြို့နယ် ပါရာရွာအကြားရှိ ကျေးရွာချင်းဆက်ကြိုးတံတား ရေမျောပါမှုကြောင့် အဆိုပါဒေသရှိ ဒေသခံပြည်သူများ သွားလာရေးအခက်အခဲဖြစ်နေကြောင်း သိရသည်။

"အရင်နှစ်တွေတုန်းက အခုလို မိုးတအားရွာတဲ့အချိန်မှာလည်း ကျွန်တော်တို့ ပုံမှန်သွားလာနေကျ။ ဒီနှစ်ကျမှ ခုလိုတံတားရေမျောသွားလို့ ကျွန်တော်တို့ အခက်တွေ့နေကြတာ၊ တံတားရေမျောသွားတာတော့ ဇူလိုင် ၈ ရက် ညကဖြစ်တယ်။ ပလက်ဝမြို့နယ် ပါရာရွာဘက်ကူးဖို့ ဒီတံတားကိုပဲ အဓိကထားပြီး သွားလာကြရတယ်။ တခြားဘက်ကသွားမယ်ဆိုရင် အဝေးကြီးက ပြန်ကွင်းပြီးမှသွားရတာ။ ခုလိုတံတားတစ်ခုလုံးမျောပါသွားတော့ ရေကျတဲ့အထိ စောင့်ရမလား။ တခြားဘက်ကနေပဲသွားရမလားဆိုတာ မသိသေးဘူး"ဟု မာလာရွာမှ ဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါကြိုးတံတားသည် သစ်သားအခင်း အလျား ၂၂၅ ပေ၊ အကျယ် ခြောက်ပေဖြစ်ပြီး ရေမျက်နှာပြင်မှ အမြင့် ၂၆ ပေရှိကြောင်းနှင့် ပြည်နယ်အစိုးရ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၁၉၀ ဖြင့် တည်ဆောက်ဆောက်ထားသည့် ကြိုးတံတားဖြစ်ကြောင်း သိရသည်။

**လိုင်လင်းပီ(ပြန်/ဆက်)**

**ခန္တီး**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဆင်သေကျေးရွာနှင့် လက်ဖက်ခင်းကျေးရွာချင်းဆက်ကြိုးတံတား ချင်းတွင်းမြစ်ရေကျော်နေကြောင်း ဒေသခံတစ်ဦး ပြောပြချက်အရ သိရသည်။

လက်ဖက်ခင်းကျေးရွာသည် အိမ်ထောင်စု ၂၈ စုနှင့် အိမ်ခြေ ၁၅ အိမ်ရှိကြောင်း ခန္တီးမြို့နယ် လက်ဖက်ခင်းရပ်/ကျေးစာရေးထံမှ သိရသည်။

ဆင်သေကျေးရွာသို့ ကျောင်းလာတက်သည့် အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများ ၁၈ ဦးရှိပြီး တစ်ဦးလျှင် ကူးတို့ခငါးရာပေး၍ စက်လှေဖြင့် ဆင်သေ အထကကျောင်းသို့ လာတက်ရသည်မှာ အန္တရာယ်များလှကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းဌေးထံမှ သိရသည်။

ဆင်သေ- လက်ဖက်ခင်း ကြိုးတံတားရေကျော်နေသည့် အခြေအနေကို ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်တေး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဦးခင်မောင်ဆင့်နှင့် ဆင်သေကျေးရွာအုပ်ချုပ်ရေးမှူးတို့ သွားရောက်ကြည့်ရှုပြီး မြစ်ကမ်းဘေးအနီးရှိ ပတ်ဝန်းကျင်နေထိုင်သူများအား ရေတိုးလာပါက ဘေးလွတ်ရာသို့ အမြန်ဆုံးပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း ဆင်သေအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**စနေမောင်(ခန္တီး)**

# သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ စည်သူခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ၂၀၁၈ခုနှစ်ဇွန်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သီးနှံများပျက်စီးခဲ့သော တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လင်းက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၂၀၁၈ ခုနှစ် ဇွန်လအတွင်းတွင် နွေနှမ်း၊ မိုးနှမ်း၊ ပဲတီစိမ်း၊ အစေ့ထုတ်ပြောင်း၊ ငရုပ်စို၊ ချည်မျှင်ရှည်ဝါနှင့် တောင်သူ ၂၉၄၀ တို့၏ ကွင်းပေါင်း ၁၄၆ ကွင်းမှ ပျက်စီးဆုံးရှုံးခဲ့သည့် နွေစပါးစိုက်ခင်း စုစုပေါင်း ၄၀၀၇ ဧကအတွက် စုစုပေါင်းငွေကျပ် ၁၂၀၃၀၀၀၀၀ ကို တာဝန်ရှိသူများက သီးနှံပျက်စီးခဲ့သည့် တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မြစ်ကြီးနား**

ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၁ ရက်က နေအိမ်များအတွင်း ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သည့် မြို့သစ်ကြီး၊ ကြက်ပေါင်ခြံ၊ လယ်ကုန်း၊ ရမ်ပူနှင့် ပမ္မတီးရပ်ကွက်တို့တွင် ယာယီဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းများသို့ သွားရောက်ကာ ရေဘေးသင့်အိမ်ထောင်စု ၂၇၉ စုမှ လူဦးရေ ၁၃၂၉ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာနှင့် ငွေကျပ် ၂၇ သိန်းကျော်ကို ယာယီစခန်းတာဝန်ခံများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

**တောင်တွင်းကြီး**

၂၀၁၈ ခုနှစ်က သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ယမန်နေ့ နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းထွန်းက ၂၀၁၈ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလတို့တွင် အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြောင့် ကျေးရွာအုပ်စု ၆၉ စု၊ တောင်သူပေါင်း ၁၆၁၃၇ ဦးတို့၏ နွေနှမ်း ၄၃ ဧက၊ မိုးနှမ်း ၃၅၉၆ ဧက စုစုပေါင်း ၃၆၀၀၄ ဧကအတွက် နွေနှမ်း တစ်ကေငါးသောင်းနှုန်း၊ မိုးနှမ်းတစ်ကေငါးထောင်နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၈၂၁၇၀၀၀၀ တို့ကို ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ထောက်ပံ့ငွေများကို သီးနှံပျက်စီးတောင်သူများ လက်ဝယ်အရောက်ပေးအပ်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(တောင်တွင်းကြီး)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာတွင် ဇူလိုင် ၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်လေးလုံးအမိုးလန်ပြီး နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ရာ အိမ်ထောင်စု ငါးစုမှ လူဦးရေ ၂၀ တို့ လေဘေးသင့်ခဲ့သည်။

အဆိုပါ လေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးရုံး၌ တာဝန်ရှိသူများက အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၂၂၀၀၀၀၊ ဆန်ရိက္ခာ ခုနစ်ရက်စာ ငွေကျပ် ၄၂၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၆၂၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးတို့ကို ဇူလိုင် ၁၁ ရက် နံနက်က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၇-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၁၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၂၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၀၅ ကျပ် | ၈၄၅/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၉၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၄ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၉၅ ・ ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၉・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ ・ ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၁၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၄၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၄၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၁)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# သုံးလုံးတွဲ၊ လေးလုံးတွဲမှသည် . . .

## မောင်ခင်မင် (ဓနုဖြူ)

"ကဲ နှစ်လုံးတွဲတွေပြီးတော့ သုံးလုံးတွဲအကြောင်း ပြောကြတာပေါ့"

"ဆရာ သုံးလုံးတွဲပြီး ကြိယာအဖြစ်သုံးတဲ့ စကားတွဲမျိုးရှိသလားလို့ သိချင်ပါတယ်"

"နှစ်လုံးတွဲလောက် မများပေမယ့် ရှိတော့ရှိပါတယ်။ ပထမဆုံး ကြိယာသုံးလုံး တစ်ဆက်တည်းတွဲသုံးတာမျိုး စဉ်းစားကြည့်ပါလား"

"ဟုတ်ကဲ့ 'လိုက်လျှောက်ကြည့်' လို စကားမျိုးလား ဆရာ "

"အေး... ဟုတ်တာပေါ့။ 'ပြေးကာဝယ်' တို့၊ 'လာခူးစား' တို့လို စကားတွဲတွေလည်း ပါမှာပေါ့"

"ဟုတ်ကဲ့ပါ"

" 'ထိုင်နားထောင်' တို့၊ 'ရေချိုးသွား' တို့၊ 'စာထိုင်ရေး' တို့လို နာမ်ရော ကြိယာရောပါတဲ့ သုံးလုံးတွဲကြိယာတွေလည်း ရှိပါတယ်"

"ဟုတ်တယ်နော် ဆရာ"

"တို့မြန်မာစကားက စကားလုံးတွေကို ကော်နဲ့ကပ်ထားသလို ပူးတွဲသုံးနိုင်တာမို့ အဲဒီလို စကားတွဲတွေ လိုအပ်သလို ဖန်တီးသုံးနေကြတာပဲလေ"

"သုံးလုံးတွဲပြီး နာမ်အဖြစ်သုံးတဲ့ စကားလုံးတွဲတွေကတော့ များမယ်ထင်တယ်နော် ဆရာ"

"ဘယ်လောက်များတယ်ဆိုတာ သေသေချာချာ လေ့လာစူးစမ်းဖို့တော့ လိုမှာပေါ့။ နေ့တိုင်းသုံးတဲ့ စကားတွေထဲမှာ 'နာမ်+ကြိယာ+နာမ်' ပုံစံနဲ့ ဖန်တီးထားတဲ့ နာမ်စကားလုံးတွေ တော်တော်များများရှိတာ သတိထားမိတယ်ကွဲ့ "

"ဘယ်လိုစကားတုန်း"

"မင်းအရင်စဉ်းစားကြည့်လေ။ နာမ်ရယ်၊ ကြိယာရယ်၊ နာမ်ရယ်တွဲတာ"

"သုံးလုံးတွဲဆိုတော့...ဟာ သိပြီဆရာ 'စာကြည့်တိုက်' လို စကားလုံးမျိုးဖြစ်မှာပေါ့"

"ဟုတ်ပ့ါဗျာ။ 'စာ' က နာမ်၊ 'ကြည့်' က ကြိယာ၊ 'တိုက်' က နာမ်ပေါ့။ စာကြည့်တိုက်ဆိုတဲ့ နာမ်စကားလုံးတွဲ ဖြစ်လာတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ 'ကုန်တင်ကား' တို့၊ 'မြို့ပတ်လမ်း' တို့၊ 'ရေကူးကန်' တို့၊ 'လက်နှိပ်စက်' တို့ အများကြီး ရှိပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီမှာ စကားသုံးလုံးရဲ့ဆက်စပ်ပုံကိုကြည့်ရင် ရှေ့စကားလုံးနှစ်လုံးက နောက်ဆုံးစကားလုံးကို အထူးပြုတယ်ဆိုတာ တွေ့ရတယ်"

"ကုန်တင်ကားမှာ 'ကုန်တင်' ဆိုတဲ့ စကားနှစ်လုံးက 'ကား' ကို အထူးပြုတာပေါ့နော် ဆရာ"

"ဟုတ်တယ်လေ။ 'ကုန်တင်ကား' ဆိုတာ 'ကုန်တင်တဲ့ကား 'မဟုတ်လား။ ရှေ့က 'ကုန်တင်' က အထူးပြုတဲ့စကားဆိုတာ သေချာတာပေါ့။ 'လက်နှိပ်စက်' ဆိုရင်လည်း ဒီသဘောပဲ။ 'လက်နဲ့နှိပ်ရတဲ့စက်' မဟုတ်လား "

"နားလည်ပါပြီ ဆရာ"

"နောက်တစ်မျိုးက နာမ်သုံးလုံးတွဲသုံးတဲ့ စကားလုံးတွဲမျိုးပဲ"

"ပြောပြပါ ဆရာ"

" 'ဆန်ရေစပါး' တို့၊ 'ရဟန်းရှင်လူ' တို့၊ 'အိုးခွက်ပန်းကန်' တို့လို သုံးလုံးတွဲမျိုးပေါ့။ ထူးခြားတာကတော့ သက်ရောက်တဲ့အဓိပ္ပာယ်က ဒီစကားသုံးလုံးသာမကတော့ဘဲ ယေဘုယျအဓိပ္ပာယ်ဖြစ်သွားတယ်။ ကျယ်ပြန့်သွားတာပေါ့"

"ဘယ်လိုကျယ်ပြန့်တာပါလဲ ဆရာ"

"သြော်... 'ဆန်ရေစပါး' ဆိုတာ ဆန်ရယ်၊ ရေရယ်၊ စပါးရယ် ဒီသုံးမျိုးပဲဆိုတာလား"

"မဟုတ်ပါဘူး ဆရာ။ စိုက်ပျိုးတဲ့ စပါးရော၊ သီးနှံတွေရော ယေဘုယျဆိုလိုတာပါ"

"ရဟန်းရှင်လူဆိုတာလည်း လူအားလုံးကို ဆိုလိုတာမဟုတ်လား။ အိုးခွက်ပန်းကန်ဆိုတာလည်း အလားတူပစ္စည်းတွေကို ခြုံပြီးဆိုလိုတာလေ"

"နားလည်ပါပြီ ဆရာ"

"ကဲ... သုံးလုံးတွဲနောက်တစ်မျိုးကြည့်ရအောင်။ 'ရေနွေးအိုး' လို စကားတွဲမျိုးလေ"

"ဟင်... ဆရာ စာကြည့်တိုက်တို့၊ မြို့ပတ်လမ်းတို့ ဆရာ ပုံစံပြပြီးပြီလေ။ ရေနွေးအိုးလည်း ဒီပုံစံပဲ မဟုတ်လား"

"အဲဒါပြောချင်တာပေါ့။ သုံးလုံးတွဲချင်းတော့ အတူတူပဲလေ။ မြင်တဲ့အတိုင်းပဲ နာမ်ရယ်၊ ကြိယာရယ်၊ နာမ်ရယ်တွဲထားတာလေ"

"ဒါဆိုရင်..."

"အဲဒီမှာ မတူတဲ့အချက် တစ်ချက်ရှိတယ်။ အဲဒါ အရေးကြီးတယ်။ စာကြည့်တိုက်တို့၊ မြို့ပတ်လမ်းတို့က အဲဒီသုံးလုံးကို တစ်ပြိုင်တည်းတန်းစီပြီး တွဲထားတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

" 'ရေနွေးအိုး' ကရော 'ရေ' ရယ်၊ 'နွေး' ရယ်၊ 'အိုး' ရယ် သုံးလုံးတစ်ပြိုင်တည်းတွဲထားတာလား"

"ဟင်... ဆရာ ဘာဆိုလိုတာပါလဲ။ သြော်... သိပါပြီ ဆရာ။ သုံးလုံးတစ်ပြိုင်တည်းတွဲတာ မဟုတ်ပါဘူး။ ရေနဲ့နွေးနဲ့တွဲပြီး 'ရေနွေး' ဆိုတဲ့ နှစ်လုံးတွဲက အရင်ရှိပြီးသားပါ။ အဲဒီမှာ 'အိုး' ထပ်ပေါင်းတော့မှ 'ရေနွေးအိုး' ဖြစ်လာတာပါ"

"အဲဒါပြောချင်တာလေ။ 'ရေနွေး' ဆိုတဲ့ နှစ်လုံးတွဲက နာမ်အဖြစ်ရှိနေပြီးသား။ နောက်မှ အိုးတွဲတာဆိုတော့ နှစ်ဆင့်တွဲရတာပေါ့။ အဲဒီလိုပဲ 'ရေခဲမုန့်၊ စာအုပ်ဆိုင်၊ သင်တန်းကျောင်း' ဆိုတဲ့ သုံးလုံးတွဲတွေမှာ ရှေ့က 'ရေခဲ'၊ 'စာအုပ်'၊ 'သင်တန်း' ဆိုတဲ့ နှစ်လုံးတွဲတွေက ရှိပြီးသားတွေလေ"

"နားလည်ပါပြီ ဆရာ"

> **"တကယ်တော့ မြန်မာစကားရဲ့သဘာဝအရ နာမ်တွေ၊ ကြိယာတွေကို ကြားမှာ နောက်ဆက်ပစ္စည်းတွေမခံဘဲ တစ်ဆက်တည်းတွဲပြီး အင်မတန်ရှည်တဲ့ စကားလုံးတွဲကြီးတွေအထိ ဖန်တီးနိုင်တာ မြန်မာစကားရဲ့ သဘာဝတစ်ခုပဲလေ။ ' ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်' ဆိုတဲ့ နိုင်ငံတော်ရဲ့နာမည်ကို ကြည့်ရင် ကြားမှာ နောက်ဆက်မခံဘဲ စကားလုံးတွေကို တစ်ဆက်တည်း တွဲထားတယ်ဆိုတာ တွေ့နိုင်မှာပါ"**

"အဲဒီမှာလည်း ရှေ့နှစ်လုံးတွဲက နောက်စကားလုံးကို အထူးပြုနေတယ်လေ။ 'ရေနွေး' က 'အိုး' ကို အထူးပြုတာမျိုးပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်တစ်မျိုးက 'ရေနွေးကြမ်း' တို့ ၊ 'ကြက်ခြေနီ' တို့၊ 'အိပ်ခန်းကျယ်' တို့လို စကားလုံးတွဲမျိုးလေ"

"ဘယ်လိုကွာပါသလဲ ဆရာ"

" 'ရေနွေးကြမ်း' ကို ကြည့်လေ။ ရှေ့နှစ်လုံးတွဲက နာမ်၊ နောက်ဆုံးစကားလုံးက ကြိယာလေ"

"ဟုတ်တယ်နော် ဆရာ"

"ကဲ... 'ရေနွေးအိုး' နဲ့ 'ရေနွေးကြမ်း' ပဲ ယှဉ်ကြည့်လေ။ အထူးပြုပုံချင်းမှ မတူတာ"

"ဘယ်လိုမတူတာပါလဲ ဆရာ"

" 'ရေနွေးအိုး' မှာ...။ ကဲ မေးနေကျအတိုင်း မေးခွန်းမေးကြည့်။ ရေနွေးအိုးဟာ ရေနွေးလား၊ အိုးလား"

"အိုးပါဆရာ။ အိုးကို ရေနွေးက အထူးပြုထားတာပါ။ ရေနွေးထည့်တဲ့အိုးပါ"

"ဟုတ်ပြီ။ ရေနွေးကြမ်းကရော "

"ရေနွေးကြမ်းက ရေနွေးပါပဲ ဆရာ။ ကြမ်းက အကြမ်းခြောက်ပါ ဆရာ။ လက်ဖက်ခြောက်ကို ခေါ်တာပါ။ အကြမ်းခြောက်ခပ်ထားတဲ့ရေနွေးလို့ ဆိုလိုတာပါ။ ရေနွေးကို ကြမ်းက အထူးပြုပါတယ်"

"ကြက်ခြေနီတို့၊ အိပ်ခန်းကျယ်တို့လည်း ဒီသဘောပါပဲ။ အထူးပြုပုံမတူပေမယ့် ရှေ့နှစ်လုံးတွဲကို နောက်တစ်လုံးက အထူးပြုတဲ့ပုံစံပါပဲ"

"ဟုတ်ကဲ့ပါ"

"ကဲ...ကဲ... ဒီလောက်ဆိုရင် သုံးလုံးတွဲပုံတွေ သဘောပေါက်ရောပေ့ါ။ ဘယ်လိုတွဲတယ်ဆိုတာ ကိုယ့်ဟာကိုယ် စိစစ်ကြည့်ပေ့ါကွယ်။ တွဲပုံအားလုံး အသေးစိတ်ပြောဖို့တော့ မလွယ်လှဘူးလေ"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ... နောက်ဆုံး 'လေးလုံးတွဲ' ဆီသွားရအောင်။ လေးလုံးတွဲမှာတော့ လေးလုံးတွဲနာမ်တွေက စတာပေါ့။ စကားလုံးလေးလုံးကို နာမ်အဖြစ်တွဲတာလေ။ ကဲ... မင်းကစပြောပါ"

"လေးလုံးတွဲဆိုတော့ 'ကောက်ပဲသီးနှံ' လို စကားလုံးတွဲမျိုးပါမှာပေါ့နော် ဆရာ"

"ဟုတ်ပါတယ်။ လယ်ယာကိုင်းကျွန်းတို့၊ ဆင်မြင်းကျွဲနွားတို့လို စကားလုံးတွေပေါ့။ အဓိပ္ပာယ်ကတော့ ရှေ့မှာပြောခဲ့သလို ယေဘုယျကျကျ သုံးတဲ့အဓိပ္ပာယ်ပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'ရုပ်မြင်သံကြား' လို နောက်ပေါ်စကားလုံးတွဲမျိုးလည်း ရှိတာပေါ့။ television ကို 'ရုပ်မြင်သံကြား' လို့ ခေါ်ပုံက မြန်မာဆန်ပါတယ်။ သဘောကျစရာပါပဲ"

"ဟုတ်ကဲ့ပါ"

" 'လက်ဝတ်လက်စား၊ လူစုလူဝေး၊ မိုးဦးလေဦး၊ ကိုယ်လုံးကိုယ်ထည်၊ သားစဉ်မြေးဆက်' ဆိုတဲ့ လေးလုံးတွဲတွေလည်း တွင်ကျယ်ပါတယ်"

"ဆရာ လေးလုံးတွဲတွေမှာ 'ညီညီညွတ်ညွတ်' လို နှစ်ခါထပ်သုံးတဲ့ လေးလုံးတွဲတွေလည်း ပါမှာပေါ့"

"အဲဒီလို နှစ်ကြိမ်ထပ်တဲ့ လေးလုံးတွဲတွေကို ကြိယာအထူးပြုအဖြစ် သုံးတာများတယ်။ 'စွဲစွဲမြဲမြဲ၊ ပေ့ါပေ့ါဆဆ၊ လေးလေးနက်နက်၊ ထင်ထင်ရှားရှား' ဆိုတာမျိုးတွေလေ အများကြီးပါပဲ။ စဉ်းစားကြည့်ပေ့ါ"

"ဟုတ်ကဲ့။ အေးအေးဆေးဆေး စဉ်းစားကြည့်ပါ့မယ် ဆရာ"

"မင်း အခုပြောတဲ့ 'အေးအေးဆေးဆေး' အပါအဝင်ပေါ့"

"ဟာ... ဟုတ်ပါရဲ့ဆရာ"

"ဒီလိုဆိုရင် ငါးလုံးတွဲရော၊ ဘာတွေစဉ်းစားမိသလဲ"

"ငါးလုံးတွဲတော့ နည်းမယ်ထင်ပါတယ် ဆရာ"

"နည်းတော့နည်းမှာပေါ့။ 'အတွင်းရေးမှူးချုပ်' တို့၊ 'မီးဘေးကယ်ဆယ်ရေး' တို့ ရှိပါတယ်"

"တကယ်တော့ မြန်မာစကားရဲ့ သဘာဝအရ နာမ်တွေ၊ ကြိယာတွေကို ကြားမှာ နောက်ဆက်ပစ္စည်းတွေမခံဘဲ တစ်ဆက်တည်းတွဲပြီး အင်မတန်ရှည်တဲ့ စကားလုံးတွဲကြီးတွေအထိ ဖန်တီးနိုင်တာ မြန်မာစကားရဲ့သဘာဝတစ်ခုပဲလေ။ 'ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်' ဆိုတဲ့ နိုင်ငံတော်ရဲ့နာမည်ကို ကြည့်ရင် ကြားမှာ နောက်ဆက်မခံဘဲ စကားလုံးတွေကို တစ်ဆက်တည်း တွဲထားတယ်ဆိုတာ တွေ့နိုင်မှာပါ။ ကဲ... စကားလုံးတွဲတွေအကြောင်း ဒီလောက်နဲ့ပဲ နားကြရအောင်"

"အများကြီးကျေးဇူးတင်ပါတယ် ဆရာ"

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး **သူရဦးအောင်ကို** အား ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်ရာဇဝိဒယလျတက္ကသိုလ်ကောင်စီက **"ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့"**ကို (၁၀-၇-၂၀၁၉)ရက်၊ ဗုဒ္ဓဟူးနေ့၊ ရန်ကုန်မြို့ကရဝိက်နန်းတော်ခန်းမ၌ ထိုင်းနိုင်ငံမဟာချူလာလောင်ကွန်ရာဇဝိဒယလျတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်ကြီးအမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဘုရားနှင့် ဒုတိယကျိုက်ထီးဆောင်း ဆရာတော်ဘုရားတို့ကိုယ်တိုင်ကြွချီကာ ထိုက်တန်စွာချီးမြှင့်အပ်နှင်းခဲ့ခြင်းအပေါ် ကျွန်မတို့ **"လေးကျွန်းသူဖောင်ဒေးရှင်း"** အသင်းကြီးမှ အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် ဆက်လက်၍လည်း မြတ်ဗုဒ္ဓ၏သာသနာတော်ကြီး နှစ်ငါးထောင်မက အရှည်တည်တံ့ သန့်ရှင်း ထွန်းကား ပြန့်ပွားစေရန်အလို့ငှာ အဘိုးတန် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်း၊ ကမ္ဘာကသိအောင် ကြိုးစားအားထုတ်ဆောင်ရွက်နိုင်ခြင်းအပါအဝင် မိမိနိုင်ငံနှင့်လူမျိုးအတွက်၊ မိမိဘာသာ-သာသနာအတွက် လူမှုကောင်းကျိုးပြုလုပ်ငန်းများကို ပိုမိုကြိုးစား အားထုတ် စီမံဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**လေးကျွန်းသူဖောင်ဒေးရှင်း** အသင်းဝင်ညီအစ်မများနှင့် မိသားစုများ

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးဈေး၊ ရုံအမှတ်(ခ-၃)၊ ဆိုင်ခန်းအမှတ်(၂၀၊၂၁) နှစ်ခန်းအား နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ (၆)ရပ်ကွက်၊ မြို့သစ် (၃)လမ်း၊ အမှတ်(၆/ ၆၃၃)နေ ဒေါ်ဖြူဖြူခိုင် ၉/လဝန(နိုင်)၀၄၈၉၆၄ အမည်ပေါက် ပိုင်ဆိုင်ပြီး ဇနီးဖြစ်သူ ဒေါ်ဖြူဖြူခိုင် ကွယ်လွန်သွားပါသဖြင့် နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ (၆)ရပ်ကွက်၊ မြို့သစ် ၃လမ်း၊ အမှတ်(၆/၆၃၃)နေ ဦးကျော်ဝင်း ၉/လဝန(နိုင်)၀၅၁၄၁၅သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက် အတွင်း အထောက်အထား အပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ အရှေ့ညောင်ကုန်း အလက ဆဋ္ဌမတန်းမှ မောင်ညဏ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်း ၉/ဝတန(နိုင်)၃၄၀၃၅၉ ဖြစ်ပါကြောင်း။ **ဦးစိန်ဝင်း**

## မိဘအမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အထက၊ အဋ္ဌမတန်း (A)မှ မောင်လရီထော၏ မိဘအမည်မှန်မှာ ဦးကွန်းဗလ ၃/ကဆက(နိုင်)၀၂၄၈၂၃နှင့်ဒေါ်ညွန့်ငယ် ၃/ကဆက(နိုင်)၀၄၆၄၁၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အထက၊ အဋ္ဌမတန်း (A)မှ မရာသီချမ်း၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း ၃/ကဆက(နိုင်)၀၂၆၂၄၅ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အထက၊ အဋ္ဌမတန်း (A)မှ မင်းဗညားချမ်း၏ မိခင်အမည်မှန်မှာ ဒေါ်ငွေး(ခ)မိငွေး ၃/ကဆက(နိုင်)၀၇၆၄၃၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/31544,Honda Click -125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇေယျာဖြိုး ၁၄/ရကန(နိုင်)၁၄၅၄၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**မြောင်းမြမြို့နယ်တရားရုံး၌**

**၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၁၃**

ဦးအေးလွင် နှင့် ၁။ ဦးသာအေး
၂။ ဒေါ်ခင်ကြွေ
၃။ ဒေါ်ခင်မိုးအေး

**တရားလို** **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ သီရိမင်္ဂလာ ၂လမ်း၊ (၈)ရပ်ကွက်နေ ဒေါ်ခင်မျိုးအေး (ဘ)ဦးသာအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအေးလွင်က ခေတ္တချေးယူငွေ ၅၀၀၀၀၀၀ ကျပ်တိတိပြန်လည် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၈ ရက် (၁၃၈၁ခုနှစ် ဝါခေါင်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချစ်ဆုမွန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မြောင်းမြမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်လှဲ့လှဲ့အောင် ၅/ခဥန(နိုင်)၀၉၀၇၇၅ကိုင်ဆောင်သူအမှတ်(၁၆၆)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါ အတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၇)လမ်း၊ အပိုင်း(၁)၊ အမှတ်(၃၀၇)၊ မြေကွက်ပေါ်ရှိ(ပ/ခြေရင်းခန်း)ထပ်အဆောက်အအုံ၏ ဒုတိယလွှာ၊ ဧရိယာ ၁၂½ပေ×၅၀ပေရှိ ရေ၊ မီးစုံ၊ တိုက်ခန်း တစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ယမင်းသောင်း ၁၂/ဥကမ(နိုင်)၀၂၂၈၉၀ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှဲ့လှဲ့အောင် ၅/ခဥန(နိုင်)၀၉၀၇၇၅က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၆ါးရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသန္တာသော်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၄၅)**
**ဒေါ်မိုးသီတာအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၄၉)**
**အမှတ်(၆/A)၊ မြေညီ၊ ပုညဝဏ္ဏလမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၄၅၂၂၂၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ (၁၀)ရပ်ကွက်၊ အကွက်အမှတ် (၉-K-2)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ ၀ဒသမ၀၇၂ဧကရှိ မြေအား မအူပင်ခရိုင်၊ မအူပင်မြို့၊ (၁၀)ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၁၇၀နေ ဦးတင်မောင်ရီ ၁၄/မအပ(နိုင်)၀၁၈၁၀၉မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ထောက်ခံချက်၊ မြို့နယ်တရားရုံး ကျမ်းကျိန်လွှာနှင့် လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများဖြင့် မအူပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## Tender Notice for the Supply of Production Services for (YKY)TV Program

Expression of Interest are invited for a tender (006/07/2019)to provide technical production services (equipment and human resources)for YKY Project-BBC Media Action, Myanmar to support production of 11 episodes of a TV discussion program in a year period.

Interested Applicants are required to register your company name at the BBC Media Action Office and collect a Pre-Qualification Questionnaire(PQQ) to be reviewed and Submitted as an Expression of Interest by 5pm(26th July 2019).

Minimum requirements for pre-qualification include:

(i) Legally registered and Company License for work in Myanmar

(ii) At least two year's experience of TV production

(iii) Able to provide minimum six staff with technical skills in audio and visual production plus selected TV production equipment.

Successful applicants in the pre-qualification round will be notified by 26th July 2019 and invited to proceed to full tender.

Companies meeting the eligibility requirements can contact Aung Naing Oo, Logistics and Procurement Officer from Date 11th July to 18th July 2019 from 9AM to 5PM on working days for collection of the tender documents (PQQ) at BBC Media Action,6 Wingabar Road, Bahan Tsp,Yangon, Myanmar.Phone No:95(0)1 54 54 55(Ext-213), 09-250386718, 09-31366843.

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ရေဝေ အထက တက္ကသိုလ်ဝင်တန်း(A)မှ မမြင့်မြင့်စန်း၏ဖခင် ဦးဝင်းအောင် (ခ)ဦးသံချောင်း ၉/မထလ(နိုင်)၀၉၅၂၄၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းအောင်(ခ)ဦးသံချောင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဟင်းခွက်အိုင် အထက(ခွဲ) သတ္တမတန်းမှ မအိဖြူသဲ၏ ဖခင်အမည်မှန်မှာ ဦးဆန်းညွန့် ၉/ပဘန(နိုင်)၁၄၈၆၅၃ ဖြစ်ပါကြောင်း။

**ဦးဆန်းညွန့်**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၅) ရှမ်းတဲ နဝမတန်း(A)မှ မကြည်ဖြူခင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၉/မထလ(နိုင်)၂၉၅၅၀၂ ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၇)၊ ကွင်းအမှတ်/အမည်- ၆၆၀/အနီးစခန်းကွင်း၊ ဦးပိုင်အမှတ် ၁၈/၄-က၊ ဧရိယာ ၀ဒသမ ၂၅ဧကရှိ မြေအား ဦးလှမောင်(ဘ) ဦးမောင်မောင်လေး ၉/မနတ(နိုင်)၀၇၂၀၁၈မှ မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်လိုသူရှိပါက အထောက်အထားစုံလင်စွာဖြင့် ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မြေယာဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အကွက်အမှတ် (၂)၊ နာဇီအနောက်ရပ်ကွက်၊ ဦးပိုင် အမှတ်(ခ/၄၃)ရှိ မြေဧရိယာ ၀ဒသမ၀၄၁ဧကအား မေယုလမ်း၊ စက်ရုံစုရပ်ကွက်နေ ဦးထွန်းအေးချေ ပါ(၂)ဦးမှ ၎င်းမြေနေရာအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်း အထောက်အထားများဖြင့် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံ စွာဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါ သည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်လွှာ လာရောက်တင်နိုင်ကြောင်း၊ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## Tender Notice for the Supply of Production Services for TV Documentary and Discussion (KSK) Program

Expression of Interest are invited for a tender (007/07/2019)to provide technical production services (equipment and human resources)for KSK Project-BBC Media Action, Myanmar to support production of (4)TV documentaries and(4)TV discussion programmers in a one-year period.

Interested Applicants are required to register your company name at the BBC Media Action Office and collect a Pre-Qualification Questionnaire(PQQ) to be reviewed and submitted as an Expression of Interest by 5pm 26th July 2019.

Minimum requirements for pre-qualification include:

(i) Legally registered and Company License for work in Myanmar

(ii) At least two year's experience of TV production

(iii) Able to provide minimum six staff with technical skills in audio and visual production plus selected TV production equipment.

Successful applicants in the pre-qualification round will be notified by 26th July 2019 and invited to proceed to full tender.

Companies meeting the eligibility requirements can contact Aung Naing Oo, Logistics and Procurement Officer from 11th July to 18th July 2019 from 9AM to 5PM on working days for collection of the tender documents (PQQ)at BBC Media Action, No.6 Wingabar Road, Bahan Tsp, Yangon, Myanmar.Phone No:95(0)1 54 54 55(Ext- 213), 09-250386718, 09-31366843.

## ဖခင် အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ဒိုးအင်းကျေးရွာအုပ်စု၊ ကျွန်းသာယာနေ မောင်ငြိမ်းချမ်းအောင်(ကျေးအင်းထုံးဘိုကျောင်း၊ တက္ကသိုလ်ဝင်တန်း)၏ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လွင် ၇/တငန(နိုင်)၁၇၄၂၇၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ အထက(ခွဲ)ဗိုလ်ရွေးမှ အလယ်တန်းပြဆရာမ ဒေါ်မာဝင်းနှင့်ဒေါ်မာမာဝင်း ၁၂/ရကန(နိုင်)၀၅၅၄၅၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အထက(ပုတီးကုန်း) တက္ကသိုလ်ဝင်တန်းမှ မအေးမြတ်နိုင် ၇/သကန(နိုင်)၁၄၂၀၄၇၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင် ၇/သကန(နိုင်)၀၇၆၃၄၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပြည်မြို့ ကျောင်းကြီးအိုးတန်း (မူလွန်)စတုတ္ထတန်း(B)မှ မောင်ရဲရင့်ကောင်းခန့်အား မောင်လင်းရသဟု ပြောင်းလဲခေါ်ပါရန်။

**မောင်လင်းရသ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အထက(သဲကုန်း) တက္ကသိုလ်ဝင်တန်း(A)မှ မဇင်သဲဆွေ၏ဖခင်အမည်မှန်မှာ ဦးမျိုးထွဋ်ဦး ၇/သကန(နိုင်)၁၀၀၀၆၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၁၄)၊ ဖြူကုန်း၊ ဦးပိုင်အမှတ်(၄၆ᶜ)မှမြေဧရိယာ ၀ဒသမ၃၄ဧကရှိမြေသည် ဒေါ်နှင်းယဉ်အမည်ဖြင့် မြေငှားဂရန်ရရှိထားရာမှ အမည်ပေါက်သူ ဒေါ်နှင်းယဉ်သည် ကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံရန် ကျန်ရှိသူသားသမီးများဖြစ်ကြသည့် ဦးမျိုးမင်းငြိမ်း၊ ဦးခင်မောင်လင်း၊ ဒေါ်မာလာဦး၊ ဒေါ်နီနီဦးတို့ လေးဦးမှစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၃၁-၅-၂၀၁၉ရက်၌ စာချုပ်အမှတ်(၂၆၇/၂၀၁၉)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုပြီး ၎င်းတို့အမည်ဖြင့် မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ချထားပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ၂၈လမ်း၊ လမ်း ၂၀x၂၁ လမ်းနေ ဦးနေလင်း ၁၂/ဒဂမ(နိုင်)၀၀၉၇၁၁၏ နိုင်ငံကူးလက်မှတ်နံပါတ် (715100)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၇၂၀၇၆၂၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## ဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၀ ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မဟာဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ Master of Public Health(MPH) | (၁)နှစ် |
| (ခ) | ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ Master of Hospital Administration(MHA) | ״ |

**ပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး) Ph.D(Public Health) | (၃)နှစ် |

၂။ လိုအပ်သောအရည်အချင်း
(က) **မဟာဘွဲ့သင်တန်းများ**
(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ (MPH)သင်တန်းအတွက်ဆေးပညာဘွဲ့ (M.B.,B.S) (သို့မဟုတ်)သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (BDS) (သို့မဟုတ်)သူနာပြုသိပ္ပံဘွဲ့(B.N.Sc)(ပုံမှန်/ပေါင်းကူး)(သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(B.Med.Tech) (သို့မဟုတ်)ဆေးဝါးသိပ္ပံဘွဲ့ (B.Pharm)(သို့မဟုတ်)ကျန်းမာရေးသိပ္ပံဘွဲ့ (B.Comm.H) (သို့မဟုတ်)မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M)ရရှိထားသူများ လျှောက်ထားနိုင်သည်။
(၃) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) ဆေးရုံအုပ်ချုပ်မှုပညာ မဟာဘွဲ့သင်တန်းအတွက် ဆေးပညာဘွဲ့ (M.B.,B.S) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(၅) ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့သင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင်လုပ်ငန်းစတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၅)နှစ်ရှိသူ၊ ၎င်း(၅)နှစ်တွင် ဆေးရုံလုပ်သက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ ဆေးရုံစီမံခန့်ခွဲရေး လုပ်ငန်းများကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။
(၆) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(၇) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) **ပါရဂူဘွဲ့သင်တန်း**
(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ (MPH)(သို့မဟုတ်)ဆေးပညာမဟာသိပ္ပံဘွဲ့(ပြည်သူ့ကျန်းမာရေး) M.Med.Sc(Public Health) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ)(M.Med.Sc (P&TM))ရရှိသူ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးဆိုင်ရာမဟာဘွဲ့တစ်ခုခုရရှိပြီး MPHအတွက် အနည်းဆုံးလိုအပ်သည့် ဘာသာရပ်များ၏ Credit ပြည့်မီသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်ရက်တွင် မဟာဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၃) တစ်ခုထက်ပိုသောမဟာဘွဲ့/ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် ပထမမဟာဘွဲ့/ဆေးပညာမဟာသိပ္ပံဘွဲ့(ပြည်တွင်း/ပြည်ပ)ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားလာပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၄)နှစ်ရှိသူဖြစ်ရမည်။
(၅) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကျော်လွန်သူဖြစ်ရမည်။
(၆) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်သည့်ရက်မှာ ၂၃-၈-၂၀၁၉ရက်(သောကြာနေ့)ဖြစ်ပါသည်။
၄။ လျှောက်လွှာကိုသက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။
၅။ ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်သို့လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။
၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ-
**ပါရဂူဘွဲ့သင်တန်း** - ၂၆-၉-၂၀၁၉ရက် (ကြာသပတေးနေ့)
**မဟာဘွဲ့သင်တန်းများ** - ၂၇-၉-၂၀၁၉ရက် (သောကြာနေ့)ဖြစ်ပါသည်။
၇။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၂၆၂၂သို့ ပေးသွင်းရမည်။
(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ငွေစာရင်းအမှတ် MD-၀၁၂၆၂၂သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်။)
၈။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။
၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းသို့ မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်သည်။
၁၀။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေသတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Website မှတစ်ဆင့်ကြေညာပါမည်။ လျာထားဦးရေမည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ်မပြည့်မီပါက ရွေးချယ်ခြင်းမပြုပါ။
